ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက် ၊ စနေနေ့ ၊ (7-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၁)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ကရင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာအောင်တည်ဆောက်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားရပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား -

ပြည်ထောင်စုတစ်ဝန်းလုံးနှင့် ကရင်ပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍအသီးသီးတွင် အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ် ပါသည်။

စာမျက်နှာ ၄ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဦးတင်ဦးလွင်၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး

စာမျက်နှာ ၈ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပိဋကတ်တော်ဆိုင်ရာပုံနှိပ်စာအုပ်မူများကို ကြည့်ရှုစဉ်။

ပထမအကြိမ် ဘင်းမ်စတက် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း(1st BIMSTEC MARITIME SECURITY EXERCISE)သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အောင်ဇေယျ) ပြန်လည်ရောက်ရှိ



ပထမအကြိမ် ဘင်းမ်စတက် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းသို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော စစ်ရေယာဉ် (အောင်ဇေယျ)ကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

အိန္ဒိယနိုင်ငံ သီရိဝိဇယပူရမ်အနဒမန်နှင့် နီကိုဘာကျွန်းစုဌာနအောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ကျင်းပခဲ့သော ပထမအကြိမ် ဘင်းမ်စတက် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း(1st BIMSTEC MARITIME SECURITY EXERCISE) သို့ တက်ရောက်ခဲ့သော

စာမျက်နှာ ၁၇ ကော်လံ ၁

ကေဗွီ ၂၃၀ ဧရာဝတ်ပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ ဧရာဝတ်ပင်မဓာတ်အားခွဲရုံရှိ ကြိုးလွန်းပွဖြစ်ပေါ်မှုအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၈ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အချိန် ငါးနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

စာမျက်နှာ ၂၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

ပြည်သူ့အကျိုးစီးပွားရှေးရှု ထပ်မံအခွန်ကင်းလွတ်ခွင့်ပြု

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားတည်ငြိမ်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ သက်သာချောင်ချိမှုရှိစေရေး၊ အခွန်ကဏ္ဍရေရှည်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် ပြည်ပသွင်းကုန်များနှင့် ပတ်သက်၍ အများပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်နေသော အခြေအနေများအပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့်ကာလများကို ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်ကင်းလွတ်ခွင့်ကာလများကို ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာတွင် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း) တို့ကို ယခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိလည်းကောင်း၊ ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)ကိုလည်း ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိလည်းကောင်း အသီးသီးထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံ၍တိုးမြှင့်ခွင့်ပြုလျက်ရှိခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အခွန်ကင်းလွတ်ခွင့်ပြုပေးခြင်းဖြင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းမြင့်တက်မှုကို ထိန်းညှိနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျလာစေရန်တို့အတွက် အခွန်ကင်းလွတ်ခွင့်ကာလထပ်မံ၍တိုးမြှင့်ခွင့်ပြုမှုကို ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိကြသည်။

သို့ဖြစ်ပါ၍ စက်သုံးဆီ(ဒီဇယ်ဆီ) တင်သွင်းမှု၊ သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှု၊ ဓာတ်မြေဩဇာ တင်သွင်းမှုတို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးထားသဖြင့် ကမ္ဘာ့စက်သုံးဆီဈေးမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့်မော်တော်ယာဉ်များ သွားလာမှုလွယ်ကူစေခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားခဈေးနှုန်းများ သက်သာစေခြင်း၊ စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေခြင်းတို့ကြောင့် အများပြည်သူအကျိုးစီးပွားကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကနီ နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၈၉ ဧကာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဖူးစားပြောင်း ၂၇၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် ဖူးစားပြောင်း စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပုသိမ် နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်က ဒေသထွက် အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အောက်တိုဘာလအတွင်းမှာ အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိနိုဝင်ဘာလထဲမှာလဲ အုန်းသီးတွေ ဝယ်ယူဖို့ ချိတ်ဆက်မှာယူနေပါတယ်"ဟု ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျော်ကျော်လင်း

ပုသိမ်ကြီးမြို့နယ် မင်းရဲလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပုသိမ်ကြီး နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ မင်းရဲလှကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ မင်းရဲလှကျေးရွာ၌ လမ်း အရှည်ပေ ၅၄၅၂၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁ ဒသမ ၈၉ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြည့်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၀၈၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၈၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းဖြင့် ကျော်ဖြတ်ကြပါစို့

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ထားနိုင်ကြရန်နှင့် ဖြစ်စဉ်ကာလသည် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းကာလများအတွင်းဖြစ်ပွားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်း၌ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မူမမှန်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်ဟုလည်း ခန့်မှန်းထားသည်။ လက်ရှိ အယ်လ်နီညိုအင်အား အသင့်အတင့်ရှိနေချိန်တွင် မိုးရွာသွန်းမှု မူမမှန်ခြင်းဖြစ်စဉ်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ခြင်းများလည်းဖြစ်ပေါ်ခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်များသည် ယေဘုယျအားဖြင့် ပစိဖိတ်သမုဒ္ဒရာတွင် နှစ်နှစ်မှ ငါးနှစ် သို့မဟုတ် ငါးနှစ်မှ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်သော်လည်း ယခုနောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်အတွင်း၌လည်း ဖြစ်ပေါ်နေသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေပူစီးကြောင်းသည် ရက်သတ္တပတ်အနည်းငယ်မှ တစ်လ သို့မဟုတ် တစ်လထက်ပိုမိုကြာမြင့်တတ်သော်လည်း သုံးနှစ်မှ ခုနစ်နှစ်တစ်ကြိမ်တွင်မူ လပေါင်းများစွာ ကြာမြင့်လာနိုင်သည်။

ယခုကာလဖြစ်ပေါ်နေသည့် အယ်လ်နီညိုဖြစ်စဉ်သည် ယခင်နှစ်များထက် အားအလွန်ကောင်းနေခြင်းကြောင့် အားကောင်းသည့်အယ်လ်နီညို (စူပါအယ်လ်နီညို) ဟူ၍ပင် ဆိုထားသည်။ စူပါအယ်လ်နီညိုဖြစ်စဉ်သည် အစွန်းရောက် မိုးလေဝသဖြစ်စဉ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်တစ်ခုလည်းဖြစ်သည်။

မည်သည့် သဘာဝဘေးအန္တရာယ်များကိုမဆို ရပ်တန့်ထား၍လည်းမရ၊ ဖယ်ရှားပစ်၍လည်းမရ၊ တားဆီးထား၍လည်းမရနိုင်ပေ။ နည်းပညာများဖြင့် အနီးစပ်ဆုံးတွက်ချက်၍ ကြိုတင်ခန့်မှန်းချက်များကို သိရှိနိုင်သော်လည်း မည်သည့်အချိန်၊ မည်သည့်နေ့ရက်၊ မည်သည့်ဒေသများတွင် အင်အားမည်မျှဖြင့် ဖြစ်ပေါ်နိုင်သည်ကို တိတိကျကျ အသေးစိတ်ခန့်မှန်းနိုင်ခြင်းမရှိသေးပေ။

ယခုအခါ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်သတင်းအချက်အလက်များနှင့် မိုးလေဝသခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ဌာနဆိုင်ရာများကလည်း ကြိုတင်ကာကွယ်ပြင်ဆင်ထားကြရမည့် နည်းလမ်းများ၊ လိုက်နာရမည့်စည်းကမ်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်း ဆောင်ရွက်လျက်ရှိသည်။ မိုးလေဝသဖြစ်စဉ်များ၊ အသိပညာပေးလုပ်ငန်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နိုင်ငံတော်က တရားဝင်ထုတ်ပြန်ပေးနေသည့် မိုးလေဝသသတင်းများကို အမြဲမပြတ်ကြည့်ရှု၊ နားထောင်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ကြရန်လိုသည်။

နေ့အပူချိန်မြင့်တက်ခြင်း

အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များမြင့်တက်နိုင်သည်။ နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သောလေထုကြောင့် လူ့ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များကို



အနှောင့်အယှက်ဖြစ်ပေါ်စေကာ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းများ ခံစားရနိုင်သည်။ ချွေးထွက်လွန်ခြင်းကြောင့် ရေနှင့် သတ္တုဓာတ်များ ဆုံးရှုံးနိုင်ပြီး သွေးကြောများ ကျယ်လာကာ သွေးပေါင်ကျခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ နုံးချည့်ပျော့ခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်းများဖြစ်ပေါ်တတ်သည်။ ထို့ပြင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကျောက်ရောဂါ၊ ဝက်သက်ရောဂါ စသည့်ကူးစက်ရောဂါများလည်း ဖြစ်ပွားနိုင်သည်ကို သတိပြုကြရမည်။

နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်းသည် ခရမ်းလွန်ရောင်ခြည်အပြင်းထန်ဆုံးနှင့် အပူချိန်အမြင့်ဆုံးအချိန်ဖြစ်သည်။ ထိုအချိန်အတွင်း ရေချိုးခြင်း၊ အပြင်သို့ထွက်ခြင်းများ မပြုသင့်ပေ။ မဖြစ်မနေအပြင်ထွက်ရန်ရှိပါက နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့စေရန် ထီး၊ ဦးထုပ်ဆောင်း၍ အရောင်ဖျော့ပြီး ပွပွချောင်ချောင်ချည်ထည်များဝတ်ဆင်ပြီး မှထွက်သင့်သည်။ ထို့ပြင် ရေများများသောက်ပေးခြင်း၊ ဓာတ်ဆားရည်သောက်ခြင်းနှင့် အေးမြ၍ အရိပ်ရပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် အနားယူခြင်းများ ပြုလုပ်သင့်သည်။

စားသောက်ရာတွင် အချို၊ အဆီအအိမ်၊ အငန်၊ အစပ်အရသာများစားသုံးမှုကို လျှော့ချခြင်း၊ ရေဓာတ်ရရှိစေမည့် အရည်ရွှမ်းသည့်သီးနှံများ၊ ဟင်းသီးဟင်းရွက်များကို ဦးစားပေးစားသုံးခြင်းများ ပြုလုပ်သင့်သည်။ ကော်ဖီ၊ အရက်၊ ဘီယာသောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်သည်။

နေ့အပူချိန်မြင့်မားမှုကြောင့် အသက်ဆုံးရှုံးသည်ထိဖြစ်ပွားနိုင်သည်။ အထူးသဖြင့် သက်ကြီးရွယ်အို များ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊နာတာရှည်ရောဂါသည်များ၊ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများနှင့် အရက်စွဲနေသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ပို၍ဂရုစိုက်နေထိုင်ကြရမည်။ အပူဒဏ်ကြောင့် ဝေဒနာခံစားကြရပါက အနီးဆုံးဆေးခန်း၊ ဆေးရုံများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှု ခံယူသင့်သည်။

မိုးခေါင်ခြင်းနှင့် ရေရှားပါးခြင်း

အယ်လ်နီညိုဖြစ်စဉ်ကာလတွင် မိုးရွာသွန်းမှု မူမမှန်ခြင်းကြောင့် မိုးခေါင်ခြင်းနှင့် ရေရှားပါးခြင်းများဖြစ်နိုင်သည်။ မြစ်ရေများ သိသိသာသာ ကျဆင်းခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်ခြင်း၊ ဆည်မြောင်းတာတမံများတွင် ရေလျော့နည်းခြင်း အကျိုးဆက်များစွာဖြစ်ပေါ်နိုင်သည်။ ရေကို အလေအလွင့်မရှိအောင် ထိန်းသိမ်းသုံးစွဲ၍ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးကို အချိန်ကိုက်ကြိုတင်စီမံထားကြရမည်။ သီးနှံဖျက်ပိုးမွှားများနှင့် အပင်ရောဂါများ ကျရောက်ခြင်း မဖြစ်ပေါ်စေရန်လည်း ဂရုပြုကြရမည်။

အဓိကစားသုံးသီးနှံဖြစ်သည့် စပါးစိုက်ပျိုးရေးတွင် အချိန်မီရိတ်သိမ်းနိုင်ရန် သက်တမ်းတိုမျိုးများ၊ အပူဒဏ်ခံမျိုးနှင့် ရေငတ်ဒဏ်ခံမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ ရေလိုအပ်ချက်နည်းပြီး အပူဒဏ်ခံနိုင်သည့် နှံစားပြောင်း၊ ပဲစင်းငုံနှင့် နေကြာသီးနှံများကို စိုက်ပျိုးသင့်သည်။

မွေးမြူရေးကဏ္ဍတွင်လည်း တိရစ္ဆာန်များအတွက် လုံလောက်သောအရိပ်ရရှိရေး၊ ရေရရှိရေးတို့ကို ကြိုတင်စီမံထားကြရမည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပေါ်နိုင်သည့်ရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ ဆေးဝါးများ အသင့်ပြင်ဆင်ထားခြင်းများကို ဆောင်ရွက်ထားသင့်သည်။

ပွင့်လင်းရာသီကာလပင်ဖြစ်စေကာမူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ ဆောင်းရာသီတွင် အအေးပိုခြင်းဖြစ်စဉ်များလည်းဖြစ်ပေါ်နိုင်သည်။ ပူပြင်းခြောက်သွေ့ခြင်းကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေးကိုလည်း ကြိုတင်ကာကွယ်ထားကြရမည်။

သဘာဝဘေးအန္တရာယ်များမဖြစ်ပေါ်မီ နေအိမ်နှင့် ပတ်ဝန်းကျင်တွင် အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်စစ်ဆေးပြုပြင်ထားခြင်း၊ အန္တရာယ်ကြုံလာပါက မိသားစု အရေးပေါ်ပြောင်းရွှေ့ရန်နေရာ၊ လမ်းကြောင်းနှင့် ပြန်လည်စုစည်းနိုင်မည့်ဆုံရပ်များ သတ်မှတ်အသိပေးထားခြင်း၊ အရေးပေါ်သုံးပစ္စည်း၊ ဆေးဝါးများနှင့် အသက်ကယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်းများပြုလုပ်သင့်သည်။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်ထိ ဘေးကင်းသည့်နေရာ၌သာ နေထိုင်ကြရမည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အခက်အခဲများဖြစ်ပေါ်လာနိုင်သော်လည်း နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးအတွက် ကြိုတင်စီမံထားသကဲ့သို့ ပြည်သူများကလည်း ရေချွေတာရေး၊ လျှပ်စစ်မီးချွေတာရေးတို့ကို တစ်ဦးတစ်ယောက်ခြင်းမှစတင်၍ ခြိုးခြံချွေတာကာ အယ်လ်နီညိုကာလကို ရင်ဆိုင်ဖြတ်ကျော်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းမှုဖြင့် ရင်ဆိုင်ဖြတ်သန်းခဲ့ကြပြီးဖြစ်သည်။ ယခုကာလတွင်လည်း ကြိုတင်ကာကွယ်မှုများကို ပြင်ဆင်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မိဘပြည်သူများအနေဖြင့် မိမိတို့ဘက်က ဆောင်ရွက်၍ရနိုင်သည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိအမြင်ကျယ်ကျယ်ဖြင့် ကြိုတင်စီမံဆောင်ရွက်ကြခြင်းဖြင့် အယ်လ်နီညိုဖြစ်စဉ်အန္တရာယ်များကို ကျော်ဖြတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- **ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများမှ ပညာပေးစာစောင်များ**
- **နေ့စဉ်ထုတ် သတင်းစာများ**
- **http;// my.wikipedia . org**

ကိုယဉ်ချစ် (မန္တလေး)

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြိုခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရှေ့ဖိုးမှအဆက်

ယနေ့ကျရောက်သည့် ဂုဂနှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခါသမယသည် ကရင်တိုင်းရင်းသားတို့၏ သမိုင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့် စည်းလုံးညီညွတ်မှုတို့ကို ပြန်လည်အောက်မေ့ဂုဏ်ယူစေသည့် နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်တွင် ကရင်တိုင်းရင်းသားပြည်သူများအပါအဝင် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဘေးရန်ကင်းရှင်း၍ အေးချမ်းသာယာသော လူမှုဘဝများပိုင်ဆိုင်နိုင်ကြပါစေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် အောင်မြင်မှုများရရှိကြပါစေကြောင်း လေးနက်စွာဆုတောင်းမေတ္တာပို့သရင်း ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး သဘာဝအလှတရားများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေတံခွန်များ၊ စိမ်းလန်းစိုပြည်သော သစ်တောများနှင့် မြင့်မားလှပသည့် တောင်တန်းများပေါကြွယ်ဝသောပြည်နယ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဇွဂကပင်တောင်သည် ကရင်ပြည်နယ်၏ထင်ရှားသော သဘာဝအထိမ်းအမှတ်တစ်ခုအဖြစ် တည်ရှိနေပြီး ရှေးဟောင်းစေတီ ပုထိုးများ၊ သဘာဝလိုဏ်ဂူများနှင့် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကလည်း ပြည်နယ်၏ ဂုဏ်ကျက်သရေကို ပိုမိုထင်ရှားစေပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုလက္ခဏာများဖြစ်သည့် ကရင်ဒုံးအက၊ ဖားစည်သံနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပြည်တွင်း၌သာမက နိုင်ငံတကာတွင်ပါ သိမှတ်ဂုဏ်ပြုခံရသည့် အဖိုးတန်အမွေအနှစ်များဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သမိုင်းကြောင်းအရလည်း ထူးခြားအရေးပါသည့်ပြည်နယ်တစ်ခုဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၂ ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအရ သက်ဆိုင်ရာဒေသများကို ထပ်မံထည့်သွင်း၍ မြို့နယ်ခြောက်မြို့နယ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ် မတ် ၁ ရက်တွင် မြဝတီမြို့ကို မြို့နယ်အဖြစ် သတ်မှတ်ခဲ့သဖြင့် မြို့နယ် ခုနှစ်မြို့နယ်ရှိလာခဲ့ပါသည်။

ကရင်ပြည်နယ်နေ့ကို ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့တွင် ဂုဘ နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဤသမိုင်းဝင်နေ့သည် ပြည်နယ်တစ်ခု၏ပေါ်ပေါက်လာမှုကို အမှတ်ရစေရုံမျှမက ကရင်တိုင်းရင်းသားတို့၏ သမိုင်းကြောင်း၊ ရိုးရာဓလေ့ထုံးတမ်း၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းရန်၊ မျိုးဆက်သစ်များထံလက်ဆင့်ကမ်းရန်နှင့် ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ တာဝန်များကို ပြန်လည်သုံးသပ်ရန် အရေးပါသည့်အချိန်အခါလည်း ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်း ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုးစုအသီးသီးသည် ရှေးယခင်ကတည်းက တစ်မြေတည်း နေ၊ တစ်ရေတည်းသောက် အတူတကွ နေထိုင်လာခဲ့ကြပြီး အချင်းချင်း ချစ်ခင်ရင်နှီးမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် လူမှုအသိုက်အဝန်းကို တည်ဆောက်ခဲ့ကြပါသည်။ ယင်းသို့ အတူတကွယှဉ်တွဲနေထိုင်လာခဲ့သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံသော လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်နိုင်ရေးသည် အားလုံး၏ဘုံတာဝန်ဖြစ်ပါသည်။

လက်ရှိကာလတွင် ကရင်ပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ ကာလကြာရှည်စွာဖြစ်လာသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူများ၏နေ့စဉ်လူမှုဘဝ၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိနေသည်ကို တွေ့မြင်နေရပါသည်။ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာကောင်းများပိုင်ဆိုင်ထားသည့် ကရင်ပြည်နယ်၏ အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အဓိကကျသည့်အင်အားများဖြစ်ပါသည်။ထို့ကြောင့် သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ သည်းခံနားလည်မှုနှင့် တွေ့ဆုံဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ လျော့နည်းပပျောက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုပြန်လည်တည်ဆောက်ရေးတို့အတွက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် ဘဝအနာဂတ်ကောင်းမွန်ရေးကို ရှေးရှု၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ကြိုးပမ်းကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လူငယ်များသည် မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းရင်း ခေတ်မီပညာရပ်များကိုလည်း ကျွမ်းကျင်တတ်မြောက်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ အခြေခံအားဖြင့် ပညာသင်ကြားသည့် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်က မူဝါဒချမှတ်ထားသော KG +9 ပြီးမြောက်သည်ထိ ပညာသင်ကြားရန်လိုအပ်ပါသည်။ ဒါ့ပြင် သိပ္ပံနှင့်နည်းပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ အနုပညာနှင့် အခြားပညာရပ်နယ်ပယ်အသီးသီးတွင် အရည်အချင်းပြည့်ဝသော လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အားပေးမြှင့်တင်သင့်ပါသည်။ အထူးသဖြင့် ဉာဏ်ရည်တုနည်းပညာ(AI)အပါအဝင် ဒီဂျစ်တယ်နည်းပညာနှင့် ခေတ်မီနည်းပညာရပ်များသည် အနာဂတ်ပညာရေး၊ အလုပ်အကိုင်နှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုအရေးပါလာမည်ဖြစ်သဖြင့် လူငယ်များအနေဖြင့် စဉ်ဆက်မပြတ်လေ့လာသင်ယူ၍ လက်တွေ့အသုံးချနိုင်စွမ်းမြှင့်တင်ထားကြရန် လိုအပ်ပါသည်။

ကရင်ပြည်နယ်၏ လူမှုစီးပွားရေးအခြေခံတွင် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့်အပြင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးတိုးတက်ရေးအတွက်လည်း အခြေခံအင်အားများဖြစ်ပါသည်။ ထို့ကြောင့် ရိုးရာစိုက်ပျိုးနည်းစနစ်များကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်အသုံးချခြင်း၊ ရေသွင်းရေထုတ်စနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သီးနှံအရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်း၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုများတိုးချဲ့ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) သည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအင်အားစုများဖြစ်ပါသည်။ ကရင်ပြည်နယ်၏ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာထုတ်လုပ်မှု၊ စိုက်ပျိုးရေးထွက်ကုန်များ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသခံများ၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်တို့ပေါင်းစပ်၍ တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ အထူးသဖြင့် ကရင်ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သည့်ဒေသထွက်ကုန်များကို အရည်အသွေးမြှင့်တင်ပြီးခေတ်မီစျေးကွက်များနှင့် ချိတ်ဆက်နိုင်ပါက ဒေသခံများ၏ ဝင်ငွေတိုးတက်ရေးနှင့် ဒေသစီးပွားရေးခိုင်မာရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် နယ်စပ်ဒေသတစ်ခုဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများချောမွေ့စေရေး၊ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာစေရေး၊ ဒေသထွက်ကုန်များအတွက် စျေးကွက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေသည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ရှိရန် အရေးကြီးပါသည်။ ထို့ပြင် ဥပဒေနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ တရားမဝင် ကုန်စည်ကူးသန်းမှုများကို တားဆီးကာကွယ်ခြင်းနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ တရားဝင်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့တွင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးကဏ္ဍတစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ဘဲ ပြည်သူများ၏ကျန်းမာရေး၊ပညာရေးနှင့် လူမှုဘဝအရည်အသွေးတို့ တစ်ပြိုင်နက်တည်း မြင့်မားလာရန် လိုအပ်ပါသည်။ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်သည် နိုင်ငံနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအင်အားဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးသည်လည်း အနာဂတ်မျိုးဆက်များ၏ အောင်မြင်မှုကို ပုံဖော်ပေးမည့် အဓိကအရင်းအမြစ်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီစေရေးအပြင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ သန့်ရှင်းသောသောက်သုံးရေနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဒေသ၏ လိုအပ်ချက်နှင့်အညီ အလေးထားဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။

ကရင်ပြည်နယ်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးသည်လည်း အရေးကြီးပါသည်။ သစ်တောများ၊ မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့် သဘာဝဂေဟစနစ်များကို ရေရှည်တည်တံ့စွာအသုံးချထိန်းသိမ်းခြင်းဖြင့် နောင်လာနောက်သားများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သဘာဝအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်ပါသည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လျင်မြန်စွာပြောင်းလဲတိုးတက်လျက်ရှိသော်လည်း မိမိတို့၏ အမျိုးသားယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းခြင်းသည် အရေးပါလျက်ရှိပါသည်။ ကရင်တိုင်းရင်းသားတို့၏စာပေနှင့် ဘာသာစကားများ၊ ရိုးရာအနုပညာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာပွဲတော်များနှင့် လူမှုဓလေ့ထုံးတမ်းများသည် အမျိုးသားရေးလက္ခဏာကို ဖော်ပြနေသည့် တန်ဖိုးကြီးမားသော အမွေအနှစ်များဖြစ်ပါသည်။ ယင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် မိမိတို့၏ မူလအမှတ်လက္ခဏာကို ခိုင်မာစွာထိန်းသိမ်းလျက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနိုင်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်နေ့၏ သမိုင်းကြောင်းနှင့် အနှစ်သာရကို မျိုးဆက်သစ်လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ပါဝင်စားစွာ လေ့လာထိန်းသိမ်းလာစေရန် မိသားစု၊ လူမှုအသိုက်အဝန်းနှင့် ပညာရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အတိတ်သမိုင်းမှ ရရှိလာသော အတွေ့အကြုံနှင့် သင်ခန်းစာများကို အခြေခံကာ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရေးသည် မျိုးဆက်သစ်တို့၏ အရေးကြီးသော တာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။

ကရင်ပြည်နယ်၏ အနာဂတ်ကို ပိုမိုတောက်ပကောင်းမွန်စေရန် ကလေးငယ်များ လုံခြုံစွာပညာသင်ယူခွင့်ရရှိရေး၊လူငယ်များ၏ အရည်အချင်းနှင့် အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရေး၊ အမျိုးသမီးများအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်တည်တံ့ရေးတို့ကို အားလုံးက စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပြည်နယ်တစ်ခု၏ အင်အားသည် သဘာဝအရင်းအမြစ်များနှင့် စီးပွားရေးအလားအလာများတွင်သာ တည်မှီနေခြင်းမဟုတ်ဘဲ ယင်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ အသိပညာ၊ အတတ်ပညာ၊ စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတို့တွင်လည်း တည်ရှိနေပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီဖော်ဆောင်နိုင်မှသာ ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ယနေ့ကျရောက်သည့် ဂုဘ နှစ်မြောက် ကရင်ပြည်နယ်နေ့သည် ကရင်ပြည်နယ်၏ သမိုင်းကြောင်းနှင့် ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်အောက်မေ့ဂုဏ်ယူရသည့်နေ့တစ်နေ့ဖြစ်သကဲ့သို့ ပြည်နယ်၏အနာဂတ်အတွက် မိမိတို့အားလုံး၏ တာဝန်နှင့် အခန်းကဏ္ဍများကို ပြန်လည်သုံးသပ်ရမည့် အချိန်အခါလည်းဖြစ်ပါသည်။ ကရင်တိုင်းရင်းသားတို့၏ စာပေ၊ ဘာသာစကား၊ ရိုးရာအနုပညာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ မျိုးဆက်အဆက်ဆက်ရှင်သန်တည်တံ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ရိုင်းပင်းကူညီမှုတို့ ပိုမိုခိုင်မာလာပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

သို့ဖြစ်ပါ၍ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံးဘေးအန္တရာယ်ကင်းရှင်း၍ အေးချမ်းသာယာသောလူမှုဘဝများပိုင်ဆိုင်နိုင်ကြပါစေ၊ ပြည်နယ်၏ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ကြပါစေ၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးကိုအခြေခံ၍ သာယာဝပြောသော အနာဂတ်ကို အတူတကွ တည်ဆောက်နိုင်ကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **"သမိုင်းကို တန်ဖိုးထား၊ ယဉ်ကျေးမှုကို ထိန်းသိမ်း၊ ပညာကို မြှင့်တင်၊ညီညွတ်မှုကိုတည်ဆောက်၍ ငြိမ်းချမ်းသာယာသောအနာဂတ်ကို အတူတကွဖန်တီးကြပါစို့"**ဟူသော ခံယူချက်ဖြင့် ကရင်ပြည်နယ်နှင့် ပြည်ထောင်စုကြီး၏ ပိုမိုကောင်းမွန်သောအနာဂတ်ကို အားလုံးလက်တွဲညီညီတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လျက် ဂုဘ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားရုံးချုပ်၏ ညွှန်ကြားချက်ကို လက်ရှိကျင့်သုံးဆောင်ရွက်မှုအခြေအနေ၊ တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို စိစစ်အရေးယူရန် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပေးနိုင်ရေး၊ သယံဇာတများကို အကြီးစား၊ အလတ်စားတူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်ကိုဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြို့မဈေးကြီး ပြန်လည်တည်ဆောက်ရေး၊ မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ရေး၊ လမ်းမီးတိုင်နှင့် လမ်းမီးများတပ်ဆင်၊ ပြုပြင်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **ပြည်ထောင်စုတရားရုံးချုပ်၏ ၁၈-၁၂-၁၉၉၀ ရက်စွဲပါ ညွှန်ကြားချက်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိ၊ မရှိနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်**စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချိုက ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စည်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကိုမထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်ပြီး နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏လမ်းညွှန်ချက်နှင့်အညီ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ တရားရုံးများကိုလည်းကောင်း၊ ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်၏ ညွှန်ကြားချက်နှင့်အညီ မိမိစီရင်ပိုင်ခွင့်အတွင်းရှိမြို့နယ်တရားရုံးများကိုလည်းကောင်း အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲပါကြောင်း။

ထိုသို့ တရားစီရင်ရေးလုပ်ငန်း ကြီးကြပ်ကွပ်ကဲရာတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီမှုရှိသည့် ယခင်တရားရုံးချုပ်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်များကို လိုက်နာသည့်အပြင် လိုအပ်သည့်ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ဆောင်ရွက်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၏ တရားစီရင်ရေးမှားယွင်းမှုအပြင် ကျင့်ဝတ်၊ စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ အားနည်းခြင်းတို့ကိုလည်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ တရားစီရင်ရေး မှားယွင်းခြင်းတို့အတွက် တရားရေးအရာရှိ၊ တရားသူကြီးကို သတိပေးခြင်း၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊ ရာထူးအဆင့် လျှော့ချခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းဖြင့် အသီးသီးအရေးယူခဲ့ပါကြောင်းနှင့် ယခင်တရားရုံးချုပ်၏ ညွှန်ကြားစာအပြင် အခြားတည်ဆဲညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။



ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင် ခေါ် နေရှိင်း၏ **တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို အရေးယူဆောင်ရွက်ရန်အတွက် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချိုက တရားရုံးများတွင် တရားမျှတမှုရရှိရေး၊ ပြည်သူများ၏ တရားရုံးအပေါ် ယုံကြည်မှုတိုးမြှင့်လာစေရန်နှင့် တရားရုံးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားရုံးအသီးသီးတွင် ပြည်သူများ၏ အခက်အခဲတိုင်ကြားချက်များနှင့် အကြံပြုချက်များကို တင်ပြနိုင်ရန် Complaint Box စုစုပေါင်း ၃၉၆ လုံး ထားရှိပြီးဖြစ်ပါကြောင်း။

တင်ပြစာများကို စိစစ်ပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှေးဦးစုံစမ်းရေးအဖွဲ့ သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ဆောင်ရွက်ပြီး စစ်ဆေးပေါ်ပေါက်ချက်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်ခံယူဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးအသီးသီး၌ထားရှိသော Complaint Box မှတစ်ဆင့် တင်ပြလာသည့်စာများကိုလည်း တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တရားရုံးကြီးကြပ်သူအရာရှိ ဦးဆောင်သည့် စိစစ်ရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီး ဝင်စာမှတ်ပုံတင်ရေးသွင်းကာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်လိုအပ်ပါက အထက်အဆင့်ဆင့်သို့ တင်ပြလမ်းညွှန်မှုခံယူပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအသီးသီး၌ ထားရှိသော Complaint Box များမှ ပြည်သူများ၏ တင်ပြစာများကို ပုံမှန်ဖွင့်ဖောက်စိစစ်ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **ဖားကန့်ရှိ သယံဇာတများကို အကြီးစားနှင့် အလတ်စားတူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စားတူးဖော်ခွင့်ကို စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးက ဖားကန့်ရတနာနယ်မြေသည် လက်ရှိအခြေအနေအရ နယ်မြေလုံခြုံရေးတည်ငြိမ်မှုမရှိခြင်း၊ ဘူမိဗေဒဖြစ်စဉ်အရ အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းဖြစ်ပေါ်လာရန် နှစ်သန်းပေါင်းများစွာ အချိန်လိုအပ်ခြင်း၊ ကျောက်စိမ်း၊ ကျောက်မျက်သယံဇာတများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်ပြီး တူးဖော်ထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်ခြင်းများကြောင့် ဖားကန့်ရတနာနယ်မြေအတွင်း အသေးစားတူးဖော်ထုတ်လုပ်မှုနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်မှုများကို ခွင့်ပြုပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **MSME ထုတ်ကုန်များ၏ ဈေးကွက်တိုးမြှင့်ရေး၊ အသုံးပြုမှုမြှင့်တင်ရေးနှင့် ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများတွင် Local Content Policy နှင့် Product Placement Guideline ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မြန်မာ့ထုတ်ကုန်များကို လူသိများစေရေး၊ မြန်မာ့ထုတ်ကုန်များကို ဂုဏ်ယူစွာအသုံးပြုလာစေရေးနှင့် MSMEs ကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများက ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ Talk Show များ စသည်ဖြင့် အစီအစဉ်များကို ဦးစားပေးထုတ်လွှင့်လျက်ရှိပါကြောင်း၊ “ဒေသတစ်ခု ထုတ်ကုန်တစ်ခု” အစီအစဉ်နှင့် ဒေသအသီးသီးရှိ MSME လုပ်ငန်းများကို သွားရောက်ရိုက်ကူးပြီး အင်တာဗျူးများ၊ ဆွေးနွေးပွဲများ၊ Program များဖြင့်လည်းကောင်း၊ တေးသီချင်းများဖြင့်လည်းကောင်း ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

MSME ထုတ်ကုန်များကို MRTV–HD နှင့် MRTV Entertainment တို့တွင် အပတ်စဉ် ရုပ်ရှင် ကိုးကား၊ ဇာတ်လမ်းတွဲ လေးတွဲဖြင့် ထည့်သွင်းအသုံးပြုလျက်ရှိပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းဆိုင်ရာ ဇာတ်လမ်းတို့ တစ်ပုဒ်၊ စက်မှုကုန်ကြမ်းသီးနှံ (ဝါ၊ ဝါး၊ ရော်ဘာ)နှင့် ဆီထွက်သီးနှံ (နှမ်း၊ နေကြာ၊ ပဲပုပ်)ဆိုင်ရာ အသိပညာပေး ဇာတ်လမ်းတို့ လေးပုဒ်၊ ပြည်တွင်း MSME ထုတ်ကုန်အခြေခံရုပ်သံဇာတ်လမ်းတွဲ သုံးတွဲ ရိုက်ကူးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ကြိုးဖုန်းဆက်သွယ်မှုများ မပြတ်တောက်စေရေး စီမံပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ယခုအခါ မိုဘိုင်းဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာပြီး လွယ်ကူစွာအသုံးပြုလာနိုင်သဖြင့် အော်တိုတယ်လီဖုန်းသုံးစွဲမှုများ နည်းပါးလာခဲ့ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တပ်ဆင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဘက်စုံသုံးအိတ်ချိန်း MSAN ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခဲ့ပါကြောင်း၊ အဆိုပါအိတ်ချိန်းမှ တယ်လီဖုန်းသုံးစွဲသူများကို ဝန်ဆောင်မှုပေးလျက်ရှိရာ ကြေးကြိုးကေဘယ်လ်သက်တမ်းမှာ ၁၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်ခြင်းကြောင့် လျှပ်ကူးအရည်အသွေးနိမ့်ကျလာပြီး ကြံ့ခိုင်မှုလည်း လျော့နည်းလာခဲ့ပါကြောင်း။

လက်ရှိအသုံးပြုလျက်ရှိသော ကြေးကြိုးကွန်ရက်သုံး ဘက်စုံသုံးအိတ်ချိန်း Multi Service Access Node (MSAN) စနစ်ကို OLT စနစ်ဖြင့်အစားထိုးတပ်ဆင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် MSAN စနစ်အသုံးပြုထားသော အော်တိုဖုန်းလိုင်းစနစ်မှ ချို့ယွင်းလျက်ရှိသော ကြေးကြိုးကေဘယ်လ်များလဲလှယ်ရန် ကုန်ကျမှု OLT စနစ်ကို အပိုင်းလိုက်လဲလှယ်ရန်ကုန်ကျမှုနှင့် OLT စနစ်ဖြင့် အလုံးစုံလဲလှယ်ရန် ကုန်ကျမှုတို့ကို အသေးစိတ်နှိုင်းယှဉ်တွက်ချက်ပြီး အကောင်းဆုံးနည်းလမ်းဖြင့် အော်တိုတယ်လီဖုန်းလိုင်းကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့နှင့် မြို့ကိုဆက်သွယ်ထားသော ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်စေရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျိုင်းတောင်းမြို့ မိုဘိုင်းဆက်သွယ်မှုအဆင့်ပြေစေရန် ယခုအခါ Mytel အနေဖြင့် မိုက္ကရိုဝေ့ဗ် အဝေးဆက်ကြောင်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေရာမှ ဖိုင်ဘာကေဘယ်ဆက်ကြောင်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

Mytel က ကျိုင်းတောင်းမြို့ရှိ ပြည်သူများတယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို ကောင်းမွန်စွာရရှိအသုံးပြုနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် ATOM တို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကိုလည်း အပြည့်အဝရရှိအသုံးပြုနိုင်စေရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့ မြို့မဈေးကြီးကို ပြန်လည်တည်ဆောက်ပေးရန်နှင့် မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က မြိတ်မြို့ မြို့မဈေးကြီး အဆင့်မြှင့်တင်ရန် ကျန်ရှိသည့်အလျား ၃၄၇ ပေ၊ အနံပေ ၁၇၀ ကို Steel Structure ဖြင့် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်သန်း ၄၈၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေခွဲဝေရရှိမှုအရ မြို့မဈေးကြီးကို ခေတ်မီအဆင့်မြှင့်ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း၌ စက်ရေတွင်း တစ်တွင်း၊ ပေ ၃၀ အမြင့် ဂါလန် ၅၀၀၀ ဆံ့ ကွန်ကရစ်ရေစင် တစ်ခုနှင့် ဂါလန် ၆၀၀ ဆံ့ မြေစိုက်အုတ်ရေလှောင်ကန် တစ်ကန်တို့ကို ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ဈေးအကျိုးဆောင်အဖွဲ့က မီးဘေးကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိပါကြောင်း၊ မြို့မဈေးသန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီး၊ လုပ်သား ကိုးဦးဖြင့် နေ့စဉ်အမှိုက်သိမ်းဆည်းခြင်း (120 Liter) အမှိုက်ပုံး ၂၀ ဖြင့် ယာယီအမှိုက်စွန့်ပစ်ရန်နေရာများ စီစဉ်ပေးခြင်းနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေး ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဈေးအတွင်း၊ အပြင် အမှိုက်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းမကြီး၊ ကုန်းဘောင်လမ်းမကြီး၊ မင်းရဲကျော်စွာလမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီးတို့တွင် လမ်းမီးတိုင်များနှင့် လမ်းမီးများ တပ်ဆင်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ လမ်းမကြီးများဖြစ်သည့် ကျန်စစ်သားလမ်းမကြီးတွင် အမှတ်(၂)လမ်းဆုံမှ ကုန်းဘောင်လမ်းထိ လမ်းမီးဓာတ်အားလိုင်းတပ်ဆင်ထားနိုင်ခြင်း မရှိသေးပါကြောင်း၊ ကုန်းဘောင်လမ်းမှ ဗိုလ်မှူးဗထူးလမ်းထိ လမ်းမီးဓာတ်အားလိုင်းများ ချို့ယွင်းနေသောကြောင့် အကြီးစားပြုပြင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၆ သို့**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံဆွယ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ပေ ၉၀ x ၃၀ RC တစ်ထပ်ဆောင် အဆောက်အအုံ တစ်ခု ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံဆွယ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ပေ ၉၀ x ၃၀ RC တစ်ထပ်ဆောင် အဆောက်အအုံ တစ်ခု ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



ကျောင်းသား ၂၂၄ ဦးရှိပြီး ဆရာ၊ ဆရာမနှင့် ဝန်ထမ်းစုစုပေါင်း ၁၁ ဦးဖြင့် ပညာသင်ကြားလျက်ရှိပါကြောင်း၊ စုစုပေါင်းစာသင်ဆောင် လေးဆောင် စာသင်ခန်း ၁၀ ခန်းရှိသည့်အတွက် ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်း ထပ်မံလိုအပ်နေပါကြောင်း၊ ယာယီအဆောင်ဖြင့် သင်ကြားနေရခြင်း၊ တန်းခွဲအရ စာသင်ခန်း သုံးခန်း လိုအပ်နေခြင်းတို့ကြောင့် လိုအပ်သော ပေ ၉၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်သစ်ကို နီးစပ်ရာဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး တိုင်းဒေသကြီး၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကန်ဆွယ်-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် အလယ်တန်းအဆင့်ကျောင်းသား ၁၁၃ ဦးသာရှိခြင်း၊ ပင်မကျောင်းဖြစ်သော လယ်ကိုင်း-အခြေခံပညာအထက်တန်းကျောင်းနှင့် ၁ ဒသမ ၅ မိုင်သာ ကွာဝေးခြင်းတို့ကြောင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့အထောင် အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိအဆောက်အအုံဖြစ်သော အင်ကြင်းဆောင်ကို ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် အကြီးစားပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ကျောင်းဝင်းအတွင်း အဆင်သင့်ရှိသော အလျား ၁၁၃ ပေ၊ အနံပေ ၃၀၀ မြေကွက်လပ်တွင် RC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်း ခုနစ်ခုအတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၂၀၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျုံပျော်မြို့နယ် အထောင်အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၃၃၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၄၉၃ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ဦးရေ ၂၇၀ စုစုပေါင်း ကျောင်းသားဦးရေ ၁၁၀၀ ရှိပြီး ဆရာ၊ ဆရာမနှင့် ကျောင်း၊ ရုံးဝန်ထမ်းအပါအဝင် စုစုပေါင်းဝန်ထမ်း ၄၁ ဦးဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းတွင် စုစုပေါင်းကျောင်းဆောင် ခြောက်ဆောင်တွင် စာသင်ခန်း ၄၃ ခန်းရှိပြီး ကျောင်းသားဦးရေနှင့် အချိုးတွက်ချက်ပါက လုံလောက်မှုရှိနေပါကြောင်း၊ ကိုယ်စားလှယ်တင်ပြထားသည့် အင်ကြင်းဆောင် ပေ ၂၀၀ x ၃၀ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သည် အင်ဂျင်နီယာဖြင့် စစ်ဆေးသည့်အခါ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်၍မရပါကြောင်းနှင့် အဆိုပါကျောင်းဆောင်ကို အကြီးစားပြင်ဆင်ခြင်း ဆောင်ရွက်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု နန်းသြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို ပေ ၁၂၀ x ၃၀ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်း ခုနစ်ခုအတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၉၈၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နန်းသြ-အခြေခံပညာအလယ်တန်းကျောင်းတွင် မူလတန်းအဆင့်ကျောင်းသား ၂၇၄ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ၉၉ ဦး စုစုပေါင်းကျောင်းသား ၃၇၃ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ဦးရေ ၂၀၀ ခန့်

စာမျက်နှာ ၆ မှအဆက်

ဦးဇော်မင်းသန်း၏ **တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ရွှေဘုံသာရပ်ကွက်ရှိ ဘုတ်ပြင်း အခြေခံပညာအထက်တန်းကျောင်းတွင် ပေ ၁၃၀ x ၃၀ RCC နှစ်ထပ် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်းခြောက်ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၄၀ ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသားဦးရေ ၆၂၀၊ အလယ်တန်းအဆင့် ကျောင်းသား ၅၁၇ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၂၃၆ ဦး စုစုပေါင်း ၁၃၇၃ ဦး နှင့် ဆရာ၊ ဆရာမ၊ ရုံးဝန်ထမ်းအပါအဝင် ၄၃ ဦးဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းဆောင်စုစုပေါင်း ခုနစ်ဆောင်၊ စာသင်ခန်း စုစုပေါင်း ၃၅ ခန်းရှိပြီး စာသင်ခန်းလိုအပ်ချက်အရ ခြောက်ခန်းလိုအပ်လျက်ရှိပါကြောင်း၊ ကျောင်းဆောင်ခုနစ်ဆောင်ရှိသည့်အနက် ပေ ၁၄၀ x ၃၀ အုတ်ညှပ် တစ်ထပ် နီလာဆောင်သည် ၃၈ နှစ် ကြာမြင့်နေပြီဖြစ်ပြီး လမ်းဦးစီးဌာန အင်ဂျင်နီယာ၏ထောက်ခံချက်အရ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်သည့်အတွက် အဆိုပါ အဆောင်ကို ဖျက်သိမ်းပြီး အန္တရာယ်ဆောင်မှ စာသင်ခန်း လေးခန်း၊ တိုးတက်လာမည့် ကျောင်းသားများအတွက် စာသင်ခန်း နှစ်ခန်း စုစုပေါင်း ခြောက်ခန်းစာ ပေ ၁၃၀ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း တည်ဆောက်ရေးဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွတ်တော်ဥက္ကဋ္ဌက အမျိုးသားလွတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ဗိုလ်မှူးချုပ်အောင်အောင် အစား ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီတွင် ဗိုလ်မှူးချုပ်အောင်အောင် အစား ဗိုလ်မှူးချုပ်လှမျိုးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က ပလတ်စတစ်အိတ်တစ်အိတ်ကို အသုံးပြုသည့်အခါ ခဏတာ အဆင်ပြေမှုရှိသော်လည်း စွန့်ပစ်လိုက်သည့်အခါ သဘာဝပတ်ဝန်းကျင်အတွက် နှစ်ပေါင်းများစွာ ဖြေရှင်းရမည့် ပြဿနာတစ်ခုအဖြစ် ပြောင်းလဲသွားပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်ပြဿနာသည် အမှိုက်ပြဿနာသက်သက်မဟုတ်ဘဲ ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ သဘာဝဂေဟစနစ်နှင့် နောင်လာမည့် မျိုးဆက်များ၏အနာဂတ်နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် နိုင်ငံတော်အဆင့် ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းရိုးတန်းဒေသများနှင့် ပင်လယ်ရေပြင်များ ပေါများသည့်အတွက် ယင်း ပြဿနာကို လျစ်လျူရှုရှုမရပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပလတ်စတစ်အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်ခြင်းဖြင့် ထုတ်လုပ်သူ၊ ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ခုတည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈–၂၀၃၀ အမျိုးသားအဆင့် အမှိုက်စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ၂၀၂၆–၂၀၃၅ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် (National Plastic Management Action Plan)ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည်ကိုလည်း လေ့လာသိရှိရသဖြင့် ယခုအဆိုသည် လက်ရှိနိုင်ငံတော်၏ ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်လည်း ကိုက်ညီလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်အိတ် အသုံးပြုမှုကို လျှော့ချနိုင်ခြင်းသည် အမှိုက်တစ်ခုကို လျှော့ချနိုင်ခြင်းမဟုတ်ဘဲ ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းနှင့် နောင်လာမည့် မျိုးဆက်များအတွက်ပါ ရည်ရွယ်သည့်အဆိုဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးက ပလတ်စတစ်၏ ပေါ့ပါးလွယ်ကူအသုံးတည့်မှု၊ စျေးသက်သာမှုကြောင့် လူသုံးတွင်ကျယ်နေသဖြင့် ပလတ်စတစ်ယဉ်ကျေးမှုခေတ် ရောက်နေသည်ဟုပင် ရေးသားပြောဆိုနေကြပါကြောင်း၊ တာဝန်ရှိအစိုးရပိုင်းမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် စိတ်ဝင်စားသူတချို့ကလွဲ၍ ပြည်သူအများစု နေ့စဉ်ဘဝတွင် ပလတ်စတစ်၏ ဆိုးကျိုးများကို အလေးအနက်မထားဘဲ တွင်ကျယ်စွဲမြဲစွာ အသုံးပြုနေသည့်အလေ့အထကို နိုင်ငံတော်အစိုးရကို တိုက်တွန်းရုံမျှဖြင့် လုံလောက်ထိရောက်စွာ လျှော့ချခြင်း၊ ကန့်သတ်ခြင်းများ ပြုလုပ်နိုင်မည်မဟုတ်ပါကြောင်း။

ပလတ်စတစ်ထုတ်ကုန်များ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်းများသည် အဆိုရှင်တင်ပြထားသည့် အဆင့်လိုက် လျှော့ချကန့်သတ်ရေးကို လွယ်ကူစွာ ဆောင်ရွက်နိုင်ခြေရှိသော်လည်း ပြည်သူများ၏ နေ့စဉ်ဘဝတွင် အမြစ်တွယ်၊ အလွယ်တကူဖြစ်နေသော ပလတ်စတစ်ရေသန့်ဘူး၊ အချို့ရည်ဘူးများနှင့် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ အသုံးပြုတွင်ကျယ်နေမှုကို လျှော့ချရေးသည် ပြည်သူများကိုယ်တိုင်လိုလိုလားလား ပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်း စသည့်တို့ကို အဆင့်လိုက် လျှော့ချကန့်သတ်သွားနိုင်ရန်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးမြင့်စန်းက မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်မှစ၍ ပလတ်စတစ်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအဖြစ် အသုံးများလာကြပြီး နေရာတိုင်းတွင် လူသုံးများလွန်း၍ မရှိမဖြစ် လူသုံးကုန်များဖြစ်နေပါကြောင်း၊ လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဒုက္ခပေးနေသည့် ပလတ်စတစ်ပစ္စည်းများ အသုံးပြုခြင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တားမြစ်၍ မဖြစ်နိုင်သည့်အတွက် ပလတ်စတစ်အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်ပါက ဖြစ်နိုင်ပါကြောင်း၊ ထို့ပြင် ပြီးမြောက်သည်ထိ ပလတ်စတစ်အသုံးပြုမှု ကန့်သတ်နိုင်ပါလိမ့်မည်ဟု ထင်မြင်မိပါကြောင်း။

ထို့ပြင် အမရပူရမြို့နယ်မှ MSME စက်မှုလုပ်ငန်းများထံ သွားရောက်လေ့လာသည့်အခါ ပလတ်စတစ်အဟောင်းများကို ကော်စေ့အဖြစ်ပြုလုပ်ပြီး ပစ္စည်းအမျိုးမျိုး အသစ်ပြန်လည်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ရောဘူးခွံအဟောင်းများကို ပြန်လည်ကျိုပြီး ကော်စေ့ပြုလုပ်သည်ကို တွေ့ရှိရပါကြောင်း၊ ပလတ်စတစ်အဟောင်းများကို အမှိုက်အဖြစ် စွန့်ပစ်မှုကို တားဆီး၍ အမှိုက်ပုံးကို စနစ်တကျထားရှိပြီး အသေးစားစက်မှုများက Recycle တစ်ကျော့ပြန် ပစ္စည်းများ ပြန်လည်ထုတ်လုပ်ပါက အမှိုက်လည်း လျော့နည်းနိုင်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ တင်သွင်းခြင်းနှင့် လျှော့ချရေးကို အဆင့်လိုက်လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ကြွပ်ကြွပ်အိတ်အသုံးပြုမှုများပြားလာခြင်း၏အန္တရာယ်သည် မြေထုညစ်ညမ်းမှုနှင့် မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ ရေထုညစ်ညမ်းမှုနှင့် ရေနေသတ္တဝါများအပေါ် သက်ရောက်မှုရှိခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းနှင့် ရေကြီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၏ သဘာဝဂေဟစနစ် ပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေခြင်း၊ မိုက်ခရိုပလတ်စတစ်များ ဖြစ်ပေါ်လာခြင်းနှင့် အထူးသဖြင့် ပလတ်စတစ်အိတ်များ ပြိုကွဲ၍ ဖြစ်ပေါ်လာသော မိုက်ခရိုပလတ်စတစ်များသည် မြေဆီလွှာအတွင်း ရောက်ရှိနိုင်ခြင်း၊ မြစ်ချောင်းနှင့် ပင်လယ်ရေထဲသို့ ရောက်ရှိနိုင်ခြင်း၊ ငါးနှင့် ရေနေသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ခြင်း၊ အစာကွင်းဆက်မှတစ်ဆင့် သက်ရှိများထံသို့ ရောက်ရှိနိုင်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ပြဿနာသာမက လူသားများ၏ရေရှည်ကျန်းမာရေးနှင့် ကုန်း၊ရေနေသတ္တဝါအားလုံးတို့အတွက် စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိနေပါကြောင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပလတ်စတစ်ကို ထုတ်လုပ်မှုမှစ၍ သုံးစွဲမှု၊ ပြန်လည်အသုံးပြုမှုနှင့် စွန့်ပစ်မှုအဆင့်ထိ စနစ်တကျစီမံခန့်ခွဲရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ Reduce–အသုံးပြုမှုလျှော့ချခြင်း၊ Reuse – ပြန်လည်အသုံးပြုခြင်း၊ Recycle – ပြန်လည်ထုတ်လုပ်အသုံးပြုခြင်း စသည့် 3Rs ကို စနစ်တကျဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများ ပူးပေါင်းဆောင်ရွက်မှုကို အမျိုးသားရေးတာဝန်တစ်ခုအဖြစ် ခံယူသင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်က ယခုအဆိုသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အရေးပါသည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ပလတ်စတစ်ကို ပုံစံမျိုးစုံအသုံးပြုနေပြီး ပလတ်စတစ်ကို မပါမရှိအသုံးပြုနေသည့် ပစ္စည်းတစ်ခုအသွင်ဖြစ်နေပါကြောင်း၊ ပလတ်စတစ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ များပြားသည့်အတွက် သဘာဝမဟုတ်သော ပြဿနာများ ဖြစ်ပွားစေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ အထူးသဖြင့် ကြွပ်ကြွပ်အိတ် ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုများကို အဆင့်လိုက်လျှော့ချကန့်သတ်ရေး ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်က **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ်စုတစ်စည်းတည်းသောကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ နိုင်ငံတကာတွင် ဒေတာပေါက်ကြားမှုဖြစ်စဉ်များမှတစ်ဆင့် ဒေတာမှောင်ခိုစျေးကွက် (Dark Web Marketplaces)တို့သည် လက်ရှိ ဒီဂျစ်တယ်ကမ္ဘာတွင် ဒေါ်လာဘီလီယံပေါင်းများစွာ လှည့်ပတ်နေသော ဆိုက်ဘာရာဇဝတ်မှုစီးပွားရေးတစ်ခုဖြစ်နေပါကြောင်း၊ ဒေတာမှောင်ခိုစျေးကွက်သည် သီးခြားလည်ပတ်နေခြင်းမဟုတ်ဘဲ ဒေတာခိုးယူသူ (Info Stealer)၊ ဒေတာစုဆောင်းရောင်းချသူ (Data Broker)နှင့် လိမ်လည်သူ (Scammer) ဟူသော စက်မှုဇုန်သဖွယ် (Supply Chain)အလိုက် အပြန်အလှန် အသုံးချနေခြင်းဖြစ်ပါကြောင်း။

လက်ရှိတည်ဆဲဥပဒေများသည် နိုင်ငံသားများ၏ အခွင့်အရေးကိုဗဟိုပြုကာ ဘက်စုံကာကွယ်ရန်ထက် ဝန်ဆောင်မှုပေးသူများကို ထိန်းကျောင်းရန်နှင့် ဆိုက်ဘာမှုခင်းများကို ကိုင်တွယ်ရန်သာ ပိုမိုဦးတည်နေသဖြင့် ကမ္ဘာ့စံနှုန်းမီ Personal Data Protection Law တစ်ရပ်ကို သီးခြားပြဋ္ဌာန်းရေးဆွဲရန် အဆိုပြုတင်ပြအပ်ပါကြောင်း၊ ဒေတာပိုင်ရှင်များအနေဖြင့် မိမိတို့၏ကိုယ်ရေးအချက်အလက်များကို အပြည့်အဝစီမံနိုင်စေရန် သိရှိပိုင်ခွင့် (Right to be Informed)၊ ဝင်ရောက်ကြည့်ရှုခွင့် (Right of Access)၊ ပြင်ဆင်ခွင့် (Right to Rectification)၊ အချက်အလက်ဖျက်ခိုင်းခွင့် (Right to Erasure/Right to be Forgotten)၊ ကိုင်တွယ်မှုကို ကန့်သတ်ခွင့် (Right to Restrict Processing)၊ ဒေတာများ ပြောင်းရွှေ့သယ်ဆောင်ခွင့် (Right to Data Portability)၊ ငြင်းဆန်ခွင့် (Right to Object)၊ Automated Decision-Making နှင့် Profiling မခံယူပိုင်ခွင့် စသည့် အခွင့်အရေးများကို ဥပဒေတွင် အတိအကျထည့်သွင်းသင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဥပဒေများတွင် ဒေတာပိုင်ရှင်ဘက်က မိမိဒေတာကို ပြန်ဖျက်ခိုင်းခွင့် သို့မဟုတ် ပြောင်းရွှေ့ခွင့် စသည့် ကျယ်ပြန့်သောအခွင့်အရေးများ တိကျစွာ ပါဝင်ခြင်းမရှိဘဲ အခြေခံအဆင့်ဖြစ်သော သဘောတူညီချက်ပေးရန် ထိန်းချုပ်ခွင့်(Consent Right)မျှသာရှိပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန် ဥပဒေသစ်တစ်ရပ် လိုအပ်နေပါကြောင်း၊ မြန်မာနိုင်ငံရှိ ဒီဂျစ်တယ်လုပ်ငန်းများနှင့် ဘဏ်များသည် နိုင်ငံတကာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်ရာတွင် အပြန်အလှန် ဒေတာစီးဆင်းမှုလုံခြုံစိတ်ချစေရန်အတွက် မြန်မာနိုင်ငံ၌ ကမ္ဘာ့စံနှုန်းမီ တစ်စုတစ်စည်းတည်းသော ဒေတာဥပဒေရှိရန် အရေးတကြီးလိုအပ်နေပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံသား (ဒေတာပိုင်ရှင်)များ၏ ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်ပေးနိုင်ရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့ဒီဂျစ်တယ်စံနှုန်းများနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေတာစီမံခန့်ခွဲမှုစနစ်ကို တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်အဝရှိစေရန်အတွက် စံနှုန်းများကိုအခြေခံ၍ မြန်မာနိုင်ငံ၏ ပကတိပတ်ဝန်းကျင်စီးပွားရေးလုပ်ငန်းလည်ပတ်မှုများနှင့် သင့်လျော်ဆီလျော်မည့် မြန်မာနိုင်ငံ ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေ (Personal Data Protection Law) ကို သီးခြားဥပဒေတစ်ရပ်အဖြစ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် အဆိုပြုတင်ပြအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်မင်းထူးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၆ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၈ ပါ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပသတင်း၏ ကော်လံ ၂ တွင် ဖော်ပြပါရှိသည့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း အစား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

❑ သွားရောက်ကြည့်ရှုစစ်ဆေးမှ

ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲနှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဗုဒ္ဓပြတိုက်အတွင်းရှိ ဗုဒ္ဓဖြစ်တော်စဉ် ပြခန်းများ၊ ပထမသင်္ဂါယနာတင်၊ ဒုတိယသင်္ဂါယနာတင်နှင့် တတိယသင်္ဂါယနာတင်ပြခန်း၊ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပြခန်းနှင့် မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဂါယနာတင်ပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုက်ဂူတော်နှင့် ဖွားဖက်တော် အဆောက်အအုံ ကိုးခု တည်ဆောက်ခဲ့မှုမှတ်တမ်းနှင့် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကျင်းပခဲ့မှုမှတ်တမ်းဓာတ်ပုံများပြခန်း၊ ထေရဝါဒ ငါးနိုင်ငံမှ သံဃာရာဇာ ခြောက်ပါးနှင့် ဆဋ္ဌဝန်ဆောင်ဆရာတော်ကြီး ၂၄ ပါး၊ ညောင်ရမ်းဆရာတော်၊ မစိုးရိမ်ဆရာတော်၊ မဟာစည်ဆရာတော်နှင့် မင်းကွန်းဆရာတော်တို့၏ ရုပ်တုများ၊ ဒါယကာ ဦးနု၏ကိုယ်တစ်ပိုင်းရုပ်တု၊ ဆာဦးသွင်၏ ကိုယ်တစ်ပိုင်းရုပ်တုပြခန်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် တပ်ဆင်အသုံးပြုခဲ့သည့် တံဆိပ်များနှင့် အသုံးအဆောင်ပစ္စည်းများပြခန်းများ၊ ပြည်ပနိုင်ငံများမှ လှူဒါန်းထားသောပစ္စည်းများပြခန်း၊ ရှေးခေတ်ပုံနှိပ်စက်များ၊ ခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာ ပုံနှိပ်စာအုပ်မူများပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံအဋ္ဌကထာစာအုပ်များကို ကွန်ပျူတာစာမူဖြင့် ပုံနှိပ်ထုတ်ဝေခြင်းနှင့် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုမှု မှတ်တမ်းပြခန်းများ၊ သာသနာတော် ဆက်လက်အခွန့်ရှည်တည်တံ့ခြင်းအထိမ်းအမှတ်ကို ရည်ရွယ်၍ မြန်မာနိုင်ငံအနှံ့တွင် တည်ထားကိုးကွယ်ပူဇော်ထားရှိသော ဘုရား၊ စေတီပုထိုးများနှင့်သာသနိက အဆောက်အအုံများပြခန်းများကို လိုက်လံကြည့်ရှုရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုပြတိုက်သို့လာရောက်လေ့လာကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် အများပြည်သူများ ဗုဒ္ဓဖြစ်တော်စဉ်များနှင့် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကျင်းပခဲ့မှုများကို ရှင်းလင်းစွာဖြင့် သိရှိလေ့လာနိုင်စေရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ရှင်းလင်းပြောကြားပေးရန်လိုကြောင်း၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသမိုင်းဝင် မှတ်တမ်းဓာတ်ပုံများကို ကြည့်လင်ပြတ်သားစွာဖြင့် ပြသနိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းပြသနိုင်ရေး ပညာရှင်များဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနား ကျင်းပခဲ့သည့် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး တည်ဆောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကို ပြည့်စုံစွာဖြင့်ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဝင် အမွေအနှစ်အဆောက်အအုံများကို မိမိတို့ဘိုးဘေးများက တည်ဆောက်ခဲ့သကဲ့သို့ အဆိုပါသမိုင်းဝင် အမွေအနှစ်များ ဆက်လက်တည်တံ့ခိုင်မြဲစေရေး မိမိတို့ပစ္စုပ္ပန်တွင် နေထိုင်ကြသူများတွင် တာဝန်ရှိကြောင်း၊ ပြခန်းအတွင်းပြသထားသည့် သမိုင်းဝင် ရှေးဟောင်းပစ္စည်းများ၊ ပိဋကတ်စာအုပ်များ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ရှေးဟောင်းသမိုင်းဝင်နှင့် အထင်ကရဘုရား၊ စေတီများနှင့် ပုထိုးတော်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများကိုလည်းပြသနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အာဂန္တုကျောင်းဆောင်များ ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာရေးဆိုင်ရာအခမ်းအနားများဆောင်ရွက်ရာတွင် ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်ကြီးများ သီတင်းသုံးတည်းခိုနိုင်ရေးအတွက် မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့်အတူ တည်ဆောက်ခဲ့ကြသည့် ဖွားဖက်တော်အဆောက်အအုံကိုးခုတွင် ပါဝင်သည့် ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတော်သို့ရောက်ရှိကြပြီး ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များအတွက် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မဟာသိမ်တော်ကြီး

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွားဖက်တော် အဆောက်အအုံတစ်ခုဖြစ်သည့် မဟာသိမ်တော်ကြီးသို့ ရောက်ရှိကာ သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်သည်။ ယင်းနောက် မဟာသိမ်တော်ကြီး ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပိဋကတ်တိုက်တော်ကြီး

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ပိဋကတ်တိုက်တော်ကြီးသို့ ရောက်ရှိပြီး ပိဋကတ်တိုက်တော်ကြီး ပင်မ အဆောက်အအုံတော်အတွင်း သိမ်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတော်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖွားဖက်တော်အဆောက်အအုံ ကိုးခုတွင် ပါဝင်သည့် ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတော်သို့ရောက်ရှိကြပြီး ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များအတွက် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဗဟုသုတရတနာပုံ

မိမိတို့နိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်အဆောက်အအုံများကို မိမိတို့ဘိုးဘေးများက တည်ဆောက်ခဲ့သကဲ့သို့ အဆိုပါသမိုင်းဝင်အမွေအနှစ်များ ဆက်လက်တည်တံ့ခိုင်မြဲစေရေး မိမိတို့ပစ္စုပ္ပန်တွင် နေထိုင်ကြသူများတွင် တာဝန်ရှိ. . .

ပြခန်းအတွင်းပြသထားသည့် သမိုင်းဝင်ရှေးဟောင်းပစ္စည်းများ၊ ပိဋကတ်စာအုပ်များ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လို. . .

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာဘာသာစာပေများ၊ အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဒီးယားခန်းမနှင့် သီရိလင်္ကာခန်းမတို့အတွင်း ပိဋကတ်တော်များ၊ ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ ထိန်းသိမ်းထားရှိမှု၊ ဗုဒ္ဓယဉ်ကျေးမှုပြတိုက် အဆောက်အအုံတော်အတွင်း ဗုဒ္ဓဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ သမိုင်းဝင်အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့်တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်နှင့်လူမျိုးတို့၏ အဖိုးတန် အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြုစောင့်ရှောက် ထိန်းသိမ်းသွားရန် လိုကြောင်း၊ ပုံစံငယ်ပြုလုပ်ပြသထားရှိမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်မွမ်းမံသွားရန်လိုကြောင်း၊ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ ပေပုရပိုက်များ၊ သမိုင်းဝင် အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတွင် ဖော်ပြချက်စာသားများကို မြန်မာစာပေရေးထုံးသတ်ပုံမှန်ကန်စွာဖြင့် ရှင်းလင်းရေးသားဖော်ပြရန်နှင့် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများလွယ်ကူရှင်းလင်းစွာသိရှိနိုင်ရေး အကြောင်းအရာများ၊ မုဒြာပုံစံများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပိဋကတ် ပုံနှိပ်တိုက်

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာပါသာဏကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ဖွားဖက်တော် အဆောက်အအုံတစ်ခုဖြစ်သော ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့သည့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ပုံနှိပ်တိုက်သို့ရောက်ရှိပြီး ပုံနှိပ်တိုက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်စာအုပ်များကိုပုံနှိပ်ရာတွင် အသုံးပြုခဲ့သည့် ခဲစာလုံးပုံနှိပ်စက်နှင့် ပုံနှိပ်တိုက်ပြုပြင်ထိန်းသိမ်းမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမာရွတ်မြို့နယ် တက္ကသိုလ်များနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ပညာရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)အတွင်း ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပညာရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)အတွင်း ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမာရွတ်နယ်မြေအတွင်း ဇုန်အလိုက် ပညာရေးနှင့်သက်ဆိုင်သည့် သင်ကြားရေးအဆောက်အအုံများ၊ အုပ်ချုပ်ရေးအဆောက်အအုံများ၊ ဝန်ထမ်းအဆောက်အအုံများ၊ ကျောင်းသား၊ ကျောင်းသူ အဆောင်များ၊ အားကစားဆိုင်ရာ အဆောက်အအုံများနှင့် တည်ဆောက်ဆဲ အဆောက်အအုံဆိုင်ရာများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)အတွင်း ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အဆောက်အအုံသစ်များတည်ဆောက်ရာတွင် စနစ်တကျနေရာချ၍ တည်ဆောက်သွားရန်လိုပြီး ရေရှည်ကြည့်၍ ဖြစ်ပေါ်လာနိုင်သည်များကို အဘက်ဘက်မှ တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာသင်ဆောင်အနေဖြင့် လူအများစုဝေးရောက်ရှိနေမည့် အဆောက်အအုံဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍လည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များပုံနှိပ်တိုက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်များပုံနှိပ်တိုက်သို့ရောက်ရှိကြပြီး ပုံနှိပ်တိုက်အတွင်း စာအုပ်စာစောင်များရိုက်နှိပ်ချုပ်လုပ်နေမှုအခြေအနေများနှင့် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်လုပ်ထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာအုပ်စာစောင်များကို စနစ်တကျ ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မီမီဖြစ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် လေဝင်၊ လေထွက် ကောင်းမွန်မှုရှိစေရေး အတွက်လည်း သန့်ရှင်းရေးလုပ်ငန်းများ၊ အလင်းဖွင့်ခြင်းလုပ်ငန်းများ၊ အောက်ခြေရှင်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များရေကူးကန်


ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်များရေကူးကန်သို့ရောက်ရှိပြီး ရေကူးကန်အဆင့်မြှင့်တင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက တက္ကသိုလ်များရေကူးကန်ကို တက္ကသိုလ်အဆင့်နှင့် လျော်ညီစွာဖြင့် ပြုပြင်တည်ဆောက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ရေဆိုးထုတ်စနစ်များကိုလည်း စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တက္ကသိုလ်များဆေးရုံ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်များဆေးရုံသို့ ရောက်ရှိကြပြီး ဓာတ်ခွဲခန်း၊ သွားရောဂါကုသမှုဌာနနှင့် မျက်စိရောဂါကုသမှုဌာနတို့အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် လူနာဆောင်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးစောင့်ရှောက်မှုများလာရောက်ခံယူကြသည့် ပြည်သူများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက္ကသိုလ်များအားကစားကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မြှင့်တင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက္ကသိုလ်များရေကူးကန်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကရင်ပြည်နယ်အတွင်းရှိ ဘားအံစက်မှုဇုန်၊ ဘားအံမွေးမြူရေးဇုန်နှင့် လူငယ်စင်တာတို့ကို ကြည့်ရှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ ဘားအံစက်မှုဇုန်၊ ဘားအံမွေးမြူရေးဇုန်နှင့် လူငယ်စင်တာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့ဝင်များသည် ဘားအံစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုဇုန်အတွင်းရှိ THAI-FASHION အရည်အသွေးမြင့် ရော်ဘာဖိနပ်များ ထုတ်လုပ်ဖြန့်ဖြူးရေးစက်ရုံ၏ လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရှိုင်းထူးလယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီလယ်ယာသုံးစက်များ အဆင့်ဆင့် ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ စွေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး၊ လုပ်သားများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဘားအံမွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး အဆိုပါဇုန်အတွင်းရှိ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဥစားကြက်အကောင် ၁၀၀၀၀ စဉ်ဆက်မပြတ် မွေးမြူရေးခြံရှင်းလင်းဆောင်၍ တာဝန်ရှိသူတစ်ဦးက မွေးမြူရေးခြံအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေး၍ မွေးမြူရေးခြံ၏သန့်ရှင်းသပ်ရပ်မှု၊ အစာနှင့်ရေရရှိမှု၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် လူငယ်စင်တာသို့ ရောက်ရှိကြရာ စင်တာအစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စင်တာ၏ တည်နေရာနှင့်အကျယ်အဝန်း၊ ဝင်ဆံ့အင်အား၊ စင်တာ၌ဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ၊ ပြည်နယ်လူငယ်ရေးရာကော်မတီဖွဲ့စည်းထားရှိမှု၊ လူငယ်ကဏ္ဍ ၁၆ ရပ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး စင်တာအတွင်း စားပွဲတင်တင်းနစ်ကစားနေမှု၊ လူငယ်အသိပညာပေးဟောပြောပွဲအခန်းအနားကျင်းပနေမှု၊ အိမ်တွင်းမှုခန်း၊ ဂီတခန်း၊ ပန်းချီခန်း၊ အကခန်း၊ ကွန်ပျူတာခန်းနှင့် ပြည်နယ် GYM အားကစားခန်းမတို့၌ သက်ဆိုင်ရာဘာသာရပ်အလိုက်လေ့ကျင့်သင်ကြားနေမှု၊ စာကြည့်တိုက်၌စာပေလေ့လာဖတ်ရှုနေမှု၊ အိပ်ဆောင်နှင့် နားနေဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကရင်ပြည်နယ် ဘားအံမြို့ရှိ လူငယ်စင်တာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက လူငယ်စင်တာဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့်အညီ လူငယ်များ၏ အရည်အချင်း၊ အသိပညာနှင့် အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စင်တာအတွင်းရှိ အားကစားပစ္စည်းများနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်၊ လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် အားကစား၊ အနုပညာ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို စိတ်ဝင်စားမှုရှိသည့် နယ်ပယ်အလိုက် အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊ လူငယ်များ၏ အကြံပြုချက်များနှင့် လိုအပ်ချက်များကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်မည့် လူငယ်များကို အရည်အသွေးပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များအဖြစ် အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် လူငယ်စင်တာကို အမှန်တကယ်အကျိုးရှိထိရောက်သော နေရာတစ်ခုဖြစ်လာရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဂုဘ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဘားအံမြို့နယ် ကော့မရမ်းကျေးရွာရှိ Kawt Ma Yan Resort ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များနှင့် Resort မှ မန်နေဂျင်းဒါရိုက်တာတို့က ဟိုတယ်ကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ဒုတိယသမ္မတက ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆိုင်းဘုတ်ကိုအမွေးနုံ့သာရည်များ ပက်ဖျန်းပေးကာ ဘင်ခရာအဖွဲ့၊ ယဉ်ကျေးမှုဒုံးအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဘားအံမြို့သီရိကွင်း၌ ကျင်းပသည့် ဂုဘ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ကရင်ရိုးရာဒုံးအကပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများပေးအပ်



နေပြည်တော် နိုဝင်ဘာ ၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗဟလင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲ ကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် တိုင်းစစ်ဌာနချုပ်နှင့် အောင်စိုးမိုး(၁)စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။

President of the Republic of the Union of Myanmar U Min Aung Hlaing inspects Maha Pasana Cave, the venue of the Sixth Buddhist Council, and Thiri Mingala Kaba Aye hillock



President U Min Aung Hlaing views round inside the Maha Pasana Cave on Thiri Mingala Kaba Aye hillock.



President U Min Aung Hlaing inspects Pitaka Printing Press.

Nay Pyi Taw November 6

President of the Republic of the Union of Myanmar U Min Aung Hlaing inspected maintenance and preservation undertakings for sustainability of the Maha Pasana Cave, the venue of the Sixth Buddhist Council, in Mayangon Township, Yangon Region this morning. The President was accompanied by union ministers, U Khin Maung Yi, General Ko Ko Oo, U Tin Oo Lwin, U Myo Thant, the Yangon Region chief minister, the Yangon Command commander, deputy ministers, and officials.

Maha Pasan Cave, the venue of the sixth Buddhist Council

The President and party looked around the ongoing maintenance and preservation undertakings in the Maha Pasana Cave Ordination Hall. The President looked into the requirements presented by officials.

The President and party were conducted round the exhibition rooms on the Life of the Buddha, that marked the 70th Anniversary of the success of the Sixth Buddhist Council, exhibitions room showcasing the records of the First Buddhist Council, the Second Buddhist Council, and the Third Buddhist Council, the Fourth Buddhist Council where the Pitaka was inscribed on stone slabs during King Mindon's reign, the construction of the Maha Pasana Cave and nine contemporary buildings for the Sixth Buddhist Council, documentary photos of the Sixth Buddhist Council, statues of the six Sangha Rajas of the five Theravada Buddhist countries, 24 leading Sayadaws of the Sixth Buddhist Council, Nyaunyan Sayadaw, Masoeyein Sayadaw, Mahasi Sayadaw and Mingun Sayadaw, the bust of the Patron U Nu and the bust of Sir U Thwin, emblems and utensils of the Sixth Buddhist Council, items donated from foreign countries, printing presses and lead types of the olden days, printed books on the Pitaka, publication of the Sixth Buddhist Council version of the computerized commentaries on the Pitaka and their English version, pagodas and other religious buildings built across Myanmar in commemoration of the continuous propagation and perpetuation of the Sasana, by the Union Minister for Religious Affairs and officials.

In response, the President said to enable visitors to the museum including students and people to clearly understand and study the life stories of the Buddha and the holding of the Sixth Buddhist Council, it is necessary for the responsible officials to systematically explain them. It is required to work with experts using modern technology to restore, maintain, and display the historic ancient photographs exhibited in the museum so they can be viewed with clarity, while ensuring their original historical integrity is preserved. Efforts should be made to keep a comprehensive array of documentaries on the construction of the Maha Pasana Cave, the venue of the Sixth Buddhist Council. As the forefathers had built the Cave, a historical heritage of Myanmar, the onus is on the present generation to preserve the religious edifice. Officials should carry out conservation work to prevent the historical artifacts and Pitaka books displayed in the exhibition hall from deteriorating or suffering damage. The President instructed that efforts must also be made to exhibit archival photographs of the ancient, historic, and iconic pagodas, stupas, and temples in the country, and gave further necessary directives.

Maintenance of residences for visitor monks

The President and party arrived at the Aparagona residence for visitor monks, one of the four residences for visitor monks of the nine contemporary buildings, that were built together with the Cave, to accommodate the prominent monks from the country and abroad who will attend the religious occasions at the Cave. Officials presented reports.

Regarding the clarifications, the President instructed that regular maintenance must be continuously carried out on the visitor monk residences (Agantu buildings) so that Sayadaws and monks from both home and abroad, who will be attending and honoring the religious ceremonies, can stay and reside peacefully, and gave other necessary guidelines.

The Buddha Sasana Sangha Hospital

The President and party then arrived at the Buddha Sasana Sangha Hospital, one of the nine contemporary buildings. There, they inspected the arrangements made to provide necessary healthcare services for domestic and international Buddhist monks attending religious ceremonies held at the Maha Pasana Cave of the Sixth Buddhist Council, and gave necessary guidance based on reports presented by responsible officials.

Maha Ordination Hall (Maha Theim Daw Gyi)

They then inspected the maintenance status of the monastery buildings via motor vehicle and arrived at the Maha Ordination Hall, another one of the contemporary buildings. Inside the ordination hall, they offered emerald bowl meal, flowers, and water to the Buddha image. Afterwards, they inspected the maintenance work carried out for the long-term preservation of the Maha Ordination Hall and gave necessary guidance.

Great Pitaka Library

Afterward, they proceeded to the Great Pitaka Library on the Thiri Mingalar Kaba Aye hillock. During their inspection tour of the main building, officials presented briefings on the preservation of the Pitaka Scriptures, religious literature, and sacred artifacts, as well as the conservation of Buddhist scriptures and religious heritage items showcased in the Cambodia Hall and the Sri Lanka Hall. They also inspected the Buddhist Cultural Museum, where exhibits illustrating the propagation of Theravada Buddhism, ancient cultural artworks, and historical artifacts are maintained.

Regarding the presentations, the President gave instructions stating that ancient artifacts, historical records, and evidence are invaluable heritage items of the State and its people that cannot be priced in monetary terms, making it essential to handle and preserve them with extreme care to ensure long-term durability and prevent deterioration. He noted the need to renovate miniature models and displays to align with modern standards. He further instructed that descriptive texts accompanying the preservation of Buddhist propagation records, ancient cultural artworks, palm-leaf manuscripts, folded paper manuscripts, and historical artifacts must be written clearly using correct Myanmar spelling and grammar guidelines. Additionally, he emphasized that explanatory descriptions, hand gestures, dates, eras, and estimated ages should be clearly displayed on ancient artifacts, pagodas, and Buddha images to ensure easy understanding for visitors and researchers, along with providing other necessary guidance.

See Page 12

President U Min Aung Hlaing inspects universities' campus in Kamayut Township, fulfils requirements



President U Min Aung Hlaing gives guidance at University Sports Ground.

Nay Pyi Taw November 6

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by his inspection tour members, the Yangon Region Chief Minister, the commander of Yangon Command and officials, this afternoon visited the universities' campus in Kamayut Township and fulfilled the needs.

Construction site for new six-storey lecture building at Yangon University of Education (Kamayut Campus)

At the construction site of the new six-storey lecture building on the Kamayut Campus of Yangon University of Education, the Union Minister for Education reported to the President on the educational facilities on the campus, including teaching buildings, administrative buildings, staff accommodation, student dormitories, sports facilities and buildings under construction in the respective zones. The Union Minister also reported on the construction of a new six-storey lecture building on the Kamayut Campus of the Yangon University of Education.

In response, the President gave guidance, emphasizing that new buildings should be constructed with systematic and proper site planning, taking a long-term perspective and carefully considering all possible future developments. He also stressed the need to take safety measures into account in the design and construction of academic buildings, as they are facilities where large numbers of people gather, particularly ensuring that appropriate safety arrangements are in place in the event of natural disasters or other emergencies. He also gave further necessary instructions.

After inspecting the six-storey building construction site, the President gave necessary guidance to offcials.

Universities' Press

Tak Bat ခေါ် လာအိုနိုင်ငံ၏ ရိုးရာဆွမ်းလောင်းလှူပွဲသည် ဗုဒ္ဓဘာသာ၏ သဒ္ဓါတရား၊ ရိုးရာယဉ်ကျေးမှုနှင့် ငြိမ်းချမ်းသော လူနေမှုဘဝကို ထင်ဟပ်စေသည့် လှပသောဓလေ့တစ်ခုဖြစ်သည်။ နေ့စဉ် အရုဏ်တက်ချိန် နံနက် ၅ နာရီ မှ ၆ နာရီ ထိ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်များသည် တန်းစီကာ ကြွရောက် ဆွမ်းခံယူကြပြီး ဒေသခံများနှင့် ဒါယကာ၊ ဒါယိကာမများက လမ်းဘေးတွင် ဖျာ၊ ထိုင်ခုံငယ်များခင်းကာ သံဃာတော်များ၏သပိတ်အတွင်းသို့ ရိုးရာအစားအစာဖြစ်သော ကောက်ညှင်းပေါင်းကို အဓိကထားလောင်းလှူပြီး အခြားလှူဖွယ်ပစ္စည်းများကိုလည်း လောင်းလှူကြခြင်းဖြစ်သည်။ အဆိုပါဆွမ်းလောင်းလှူပွဲသည် ကမ္ဘာလှည့် ခရီးသွားများအကြားတွင်လည်း အလွန်ထင်ရှားသော ရိုးရာဆွမ်းလောင်းလှူပွဲဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ၏ ယူနက်စကို(UNESCO) ကမ္ဘာ့အမွေအနှစ် ဝင်မြို့တော်ဖြစ်သော လွန်ပရာဘန်မြို့ရှိ ရှေးဟောင်း **"ဘုရင့်နန်းတော်ပြတိုက်"**သို့ သွားရောက်၍ ဖရာဘန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ပြတိုက်အတွင်းရှိ နန်းတွင်းအသုံးအဆောင်များဖြစ်သည့် ဘုရင်နှင့် မိဖုရားတို့၏ ဧည့်ခန်းမ၊ စာကြည့်ခန်း၊အိပ်ဆောင်များ၊ဘုရင်မင်းဆက်အစဉ်အဆက်သုံးစွဲခဲ့သည့် တန်ဖိုးကြီး သမိုင်းဝင်ပစ္စည်းများနှင့် ရာဇပလ္လင်၊ နန်းတော်အတွင်း နံရံများတွင် လာအိုတို့၏ ရိုးရာပွဲတော်များနှင့် မြို့ပြလူနေမှုဘဝများကို အသေးစိတ်သရုပ်ဖော်ထားသည့် အနုပညာလက်ရာများကို စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား လာအိုအမျိုးသား ကာကွယ်ရေး ဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၆

လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ လွန်ပရာဘန်ပြည်နယ် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊ လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ)နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း၊ လာအိုနိုင်ငံရှိ သမိုင်းဝင်ဘုရား ပုထိုးစေတီကျောင်းများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော် ကြည်ညိုလေ့လာကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁၀၅ /၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ စိစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်ထက်နောက်မကျစေဘဲ မဲစာရင်းတွင်ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(၈)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(၈) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းက တင်ပြလာလျှင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှ ပယ်ဖျက်ရမည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၉ ပါ "ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်"ဆိုသည့် စကားရပ်၏နောက်တွင် "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ "ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ"ဆိုသည့်စကားရပ်၏နောက်တွင် "နှင့်နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲယ်(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း မပြုစေရန်။"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၉ တွင် –

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် –

"၄၉။ နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်မျိုးမျိုးကို ဖြန့်ချိရာတွင်ဖြစ်စေ၊ အခြားသောမဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ –"

(ခ) နည်းဥပဒေခွဲ(ည)၏နောက်တွင် နည်းဥပဒေခွဲ(ဋ္ဌ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဋ္ဌ) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း။"

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ(ငါ)ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ(ဇ)၏နောက်တွင် နည်းဥပဒေခွဲ(ဈ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"(ဈ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ခန့်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကြိုတင်ဆန္ဒမဲပေးခြင်းအား လိုက်ပါကြည့်ရှုခြင်းမရှိလျှင်ဖြစ်စေ ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။"

၁၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၈၈၊ နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ(က)နှင့် နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၁)တို့ပါ "၂ ရက်" ဆိုသည့်စကားရပ်ကို "၃ ရက်"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ"ဆိုသည့်စကားရပ်ကို "နံနက် ၉ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နောက်ဆက်တွဲပါ ပုံစံ(၁)၊ ပုံစံ(၃-က)နှင့် ပုံစံ(၄) တို့ကို ပူးတွဲပါအတိုင်းအစားထိုးရမည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ(၁)

(၂)"လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
---------- ခုနှစ်၊ ---------- ရွေးကောက်ပွဲ
[နည်းဥပဒေ ၄]

----------တိုင်းဒေသကြီး/ပြည်နယ်
မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး ၊ မ ( )ဦး၊

----------မြို့နယ်
----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ်( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

ရှင်းလင်းချက်။ (၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး/ဒေါ်ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

ပုံစံ (၃-က)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ
[နည်း၅ပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့.ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့.ခွဲ

(၁) တောင်းဆိုသူအမည် ----------
(၂) ကျား/မ ----------
(၃) မွေးသက္ကရာဇ် ---------- အသက်( )
(၄) မှတ်ပုံတင်အမှတ် ----------
(၅)"(၅) လူမျိုး ----------"
(၆) အဘအမည် ----------
(၇) အမိအမည် ----------
(၈) လက်ရှိနေရပ်လိပ်စာ ----------
----
(၉) အလုပ်အကိုင် ----------
(၁၀) လက်ရှိလုပ်ကိုင်နေသော ----------
ကုမ္ပဏီ/လုပ်ငန်းအမည်
(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------
(၁၂) အမြဲတမ်းနေရပ်၏ ----------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------
(၁၄) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ်အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကိုတင်ပြပါသည် -

----
----

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ (၃-ခ)

ဝန်ခံချက်

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ----------သည် မိမိတို့ ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ----------အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ---------- သည် ---------- ဌာန/ ကုမ္ပဏီ/ လုပ်ငန်း တွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
---------- ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ
[နည်း၅ပဒေ ၁၁ (က)၊ ၁၄(ဂ)(ဃ)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့.ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့.ခွဲ
ကန့်ကွက်လိုသောမဲစာရင်း
----------ရပ်ကွက်/ကျေးရွာအုပ်စု
မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------
(၂) "နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"
ကန့်ကွက်ရသော အကြောင်းရင်း----------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -

----

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူအမည် ----------
ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------
ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

(၂) ဒုတိယအကြိမ်ပြင်ဆင်ထားပါသည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁၀၆ /၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့.ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့.ခွဲက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့.ခွဲ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့.ခွဲ၏ စိစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်ထက် နောက်မကျစေဘဲ မဲစာရင်းတွင် ထည့်သွင်းစေရန်ခွင့်ပြုနိုင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကိုယ်စားပြုနိုင်ငံရေးပါတီသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း ၂ ဦး၏ အမည်စာရင်းကို တင်သွင်းရမည်။ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အတိုင်း တင်သွင်းလိုကတင်သွင်းနိုင်သည်။ ယင်းသို့လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဦးစားပေး အစီအစဉ်အတိုင်း ပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ပုံစံ(၆-ခ)မူရင်းကို နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်အဖွဲ့.ခွဲသို့ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်ပြရမည်။ အဆိုပါ ပုံစံ(၆-ခ)ကို ပြင်ဆင်လိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်သို့တင်ပြရမည်။"

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) ရွေးကောက်ပွဲဆိုင်ရာ ကြေးငြာစာတမ်းများ၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ ရုပ်မြင်သံကြားများ၊ ရုပ်သံဖြာများ၊ ရုပ်သံသတင်းလွှင့်များ၊ ဆိုရှယ်မီဒီယာများ၊ ဝက်ဘ်ဆိုက်များ၊ ဝက်ဘ်ပေးဆောင်မှုများ၊ ဝက်ဘ်ပုံနှိပ်ခြင်းများ၊ ဝက်ဘ်ရိုက်ကူးခြင်းများ၊ ဝက်ဘ်ဆိုက်ဖန်တီးခြင်းများ၊ ဝက်ဘ်ဆိုက်ထိန်းသိမ်းခြင်းများ၊ ဝက်ဘ်ဆိုက်ဒီဇိုင်းများ၊ ဝက်ဘ်ဆိုက်ဟိုစတင်ခြင်းများ၊ ဝက်ဘ်ဆိုက်ကြော်ငြာခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်မွမ်းမံခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ထိန်းသိမ်းခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ဖန်တီးခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ဒီဇိုင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ဟိုစတင်ခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ကြော်ငြာခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ရိုက်ကူးခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ပုံနှိပ်ခြင်းများ၊ ဝက်ဘ်ဆိုက်ပြုပြင်ဝက်ဘ်ပေးဆောင်မှုများ၊ ဝက်ဘ်ဆိုက်ပြုပြင်ဝက်ဘ်ဆိုက်များ

စာမျက်နှာ ၂၁ မှအဆက်

ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ စီစစ်အတည်ပြုချက်ဖြင့် ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်ထက် နောက်မကျစေဘဲ မဲစာရင်းတွင်ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကိုယ်စားပြု နိုင်ငံရေးပါတီသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း ၃ ဦး၏ အမည်စာရင်းကို တင်သွင်းရမည်။ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အတိုင်း တင်သွင်းလိုက တင်သွင်းနိုင်သည်။ ယင်းသို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဦးစားပေးအစီအစဉ်အတိုင်း ပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-၁) မူရင်းကို နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်ပြရမည်။ အဆိုပါ ပုံစံ(၆-၁)ကို ပြင်ဆင်လိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ကော်မရှင်သို့တင်ပြရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ တစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းက တင်ပြလာလျှင်ဖြစ်စေ ကော်မရှင်၏အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှပယ်ဖျက်ရမည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၆ ၏နောက်တွင် နည်းဥပဒေ ၃၆-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၃၆-က။(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(ဃ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို စာရင်းမှပယ်ဖျက်ခြင်းခံရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ နိုင်ငံရေးပါတီက အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက်မှ တစ်ဦးဦးကို ပြန်လည်အစားထိုးတင်သွင်းလိုပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ခ) ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦး နုတ်ထွက်လိုပါက သက်ဆိုင်ရာ နိုင်ငံရေးပါတီသည် ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ နိုင်ငံရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ဂ) နိုင်ငံရေးပါတီတစ်ခုသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအား ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပါက ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နိုင်ငံရေးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ တင်ပြရမည်။

(ဃ) နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် ကော်မရှင်သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ဃ)နှင့်အညီ သက်ဆိုင်ရာ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-၁)တွင် ယင်း၏အမည်ကို နုတ်ပယ်၍ ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းအစီအစဉ်အတိုင်းသာ ဖြစ်စေရမည်။

(င) နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်ခြင်း သို့မဟုတ် နည်းဥပဒေခွဲ(ဂ)အရ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် နည်းဥပဒေခွဲ(ဃ)နှင့်အညီ ပုံစံ(၆-၁)စာရင်းမှ နုတ်ပယ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်းကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။"

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ခ) ပါ "ယင်းနိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုနိုင်တော့ လျှင်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၃၉ ပါ "နိုင်ငံရေးပါတီများ" ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၃ ပါ "နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ယင်းသို့ဖြည့်စွက်ရာတွင် ဒုတိယအကြိမ်ကျင်းပသော ရွေးကောက်ပွဲတွင် ပထမအကြိမ်ကျင်းပသော ရွေးကောက်ပွဲတွင် ရရှိသော ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းတွင် ပါဝင်ခွင့်ရှိသူ ဦးရေ၏ ၁၀ ရာခိုင်နှုန်းထက် ပိုများသော ဦးရေကို ဖြည့်စွက်ရမည်။"

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၄၅ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၅။ နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ စာတမ်းအမှတ် အသားတစ်မျိုးမျိုးကို ဖြန့်ချိရာတွင်ဖြစ်စေ၊ အခြားသော မဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -"

(ခ) နည်းဥပဒေခွဲ (ည) ၏နောက်တွင် နည်းဥပဒေခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) ယာဉ်များဖြင့်သော်လည်းကောင်း၊ လူစုလူဝေးဖြင့်သော်လည်းကောင်း စီတန်းလှည့်လည်ခြင်း။"

၁၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ (ငါ) ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ (ဇ) ၏နောက်တွင် နည်းဥပဒေခွဲ (ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ခန့်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကြိုတင်ဆန္ဒမဲပေးခြင်းအား လိုက်ပါကြည့်ရှုခြင်းမရှိလျှင်ဖြစ်စေ ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။"

၁၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၈၈၊ နည်းဥပဒေ ၉၁ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (ဂ) တို့ပါ "၂ ရက်" ဆိုသည့်စကားရပ်ကို "၃ ရက်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၉ နာရီ" ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၉။ ကော်မရှင်သည် -

(က) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ဃ)အရ တင်သွင်းသော သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပုံစံ(၆-၁)မှ ပယ်ဖျက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။"

၁၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၃၁ နည်းဥပဒေခွဲ(က)ပါ "နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ)နှင့် (ငင) တို့ပါ နည်းလမ်းအတိုင်း" ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၃) နည်းဥပဒေခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ) တို့ပါ နည်းလမ်းအတိုင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၃၁ ၏နောက်တွင် နည်းဥပဒေ ၁၃၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၁၃၁-က။ ကော်မရှင်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-ခ ပုဒ်မခွဲ(က)အရ ပယ်ဖျက်လိုက်သည့် နိုင်ငံရေးပါတီ၏ ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်နိုင်ငံရေးပါတီများရရှိသော ဆန္ဒမဲရလဒ်များကို နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ် (ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ)တို့ပါ နည်းလမ်းအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအား ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို သတ်မှတ်ကြေညာစေရမည်။"

၁၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများနောက်ဆက်တွဲပါ ပုံစံ(၁)၊ ပုံစံ(၃-က)၊ ပုံစံ(၄)၊ ပုံစံ(၆-ဂ)၊ ပုံစံ(၁၇-၁)၊ ပုံစံ{၁၇(က-၁)}နှင့် ပုံစံ{၁၇(ခ-၁)} တို့ကို ပူးတွဲပါအတိုင်းအစားထိုးရမည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(နောက်ဆက်တွဲများကို ဆက်လက်ဖော်ပြပါမည်)

တောင်ငူခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှုကို နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

နေပြည်တော်ဗဟိုပြု၍ မိတ္တီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် ခပေါင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် တောင်ငူခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကိုပေါင်းစပ်ညှိနှိုင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍထွက်ကုန်ကြမ်းများကို စက်မှုနည်းပညာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များအဖြစ် ပြောင်းလဲထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်း (Agro-based Industry) ဖော်ဆောင်ရန်နှင့် ခရိုင်အတွင်း ကြက်၊ ဝက်၊ ဆိတ်၊ နွားအပြင် မိုးရေချိန်ကောင်းမွန်သဖြင့် ငါးနှင့် ဘဲမွေးမြူရေးကိုပါ တိုးချဲ့၍ ကြက်သား၊ ကြက်ဥ၊ အေးခဲအသားထုတ်လုပ်သည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် သားငါးမွေးမြူရေးလုပ်ငန်းများ၌ ရောဂါကြိုတင်ခန့်မှန်းခြင်း၊ အစာလိုအပ်ချက် တွက်ချက်ခြင်း၊ အအေးပေးစနစ် စနစ်တကျသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေရန် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခြင်း စသည့် ခေတ်မီမွေးမြူရေးစနစ်များကို လိုက်နာကျင့်သုံးရန်နှင့် တောင်သူများအနေဖြင့် နည်းပညာပလက်ဖောင်းများမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အချက်အလက်နှင့် လမ်းညွှန်ချက်များကို လေ့လာအသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ခရိုင်နှင့်မြို့နယ်များတွင်လည်း စည်ပင်သာယာရေးမြေရုပ်ကွက်နှင့် လမ်းများစနစ်တကျရှိပြီး ရေရှည်တည်တံ့ကာ စိမ်းလန်းစိုပြည်သန့်ရှင်းသပ်ရပ်သည့် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်းနှင့် မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေလုံလောက်မှုရှိစေရန် စက်ရေတွင်းများတူးဖော်ခြင်း၊ ရေကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်းနှင့် ရေအရင်းအမြစ် ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် သီးနှံအထွက်နှုန်း ကိန်းဂဏာန်းအချက်အလက်များကို မြေပြင်အခြေအနေမှန်အတိုင်း တိကျမှန်ကန်စွာ ကောက်ယူတင်ပြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သီးနှံစိုက်ပျိုးမှု ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာ ရရှိရေးစီစစ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေး တိုးတက်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ခရိုင်အတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ ထီးလှိုင်လမ်းပေါ်ရှိ စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးကြကာ ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမြေများအတွင်း သီးထပ်စွမ်းအားမြှင့်တင်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များရွေးချယ်သုံးစွဲ၍ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ ဧရိယိုင်းကျေးရွာအုပ်စုရှိ ဦးစောအယ်ဒိုး၏ အေဒင်မျိုးကြက်မွေးမြူရေးခြံသို့ သွားရောက်ကာ ဒေသကြက်များ မွေးမြူထားရှိမှုနှင့် သားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး အစာနှင့်အာဟာရ၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့ကို စနစ်တကျထားရှိဆောင်ရွက်ရေး၊ ဒေသထွက်ထုတ်ကုန်များကို အခြားဒေသများသို့ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ မွေးမြူရေးမှတ်တမ်းများထားရှိရေး၊ အသားထုတ်ကုန် စျေးကွက်ချိတ်ဆက်မှု မြှင့်တင်ရေးနှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံ၍ ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တောင်ငူမြို့ အမှတ် (၂) ရပ်ကွက် အေးမေတ္တာ တန် ၁၀၀ ဆန်စက်သို့ သွားရောက်၍ ဆန်စက်ကြိတ်ခွဲနေမှုနှင့် စွန့်ပစ်စပါးခွဲဖြင့် လောင်စာတောင့် ပြုလုပ်နေမှုကိုလည်းကောင်း၊ တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းစီမံကိန်းသို့ သွားရောက်၍ စက်ယန္တရားကြီးများဖြင့် မြို့ရှောင်ရထားလမ်းဖောက်လုပ်နေမှုကို လည်းကောင်း၊ ကေတုမတီ ငါးမွေးမြူရေးကုန်ထုတ် သမဝါယမအသင်းလီမိတက်၏ ငါးမွေးမြူရေးလုပ်ငန်းသို့ သွားရောက်၍ မွေးမြူရေးကန်များအတွင်း ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်ငါးများစနစ်တကျ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မဟင်ကျေးရွာရှိ ဦးဝေလင်းအောင်၏ ဝက်အသားတိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြည့်ရှုပြီး ကြီးထွားနှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူရေး၊ ဒေသထွက်ကုန်ကြမ်းများကို တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ မွေးမြူရေးခြံ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ တိရစ္ဆာန်ကူးစက် ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် အလေးထားဆောင်ရွက်ရေး၊ ဒေသအတွင်းအသားဖူလုံရေးနှင့် ပို့ကုန်ပါက အခြားဒေသများသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေး မှာကြားသည်။

ထို့နောက် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်ရှိ ဦးဥာဏ်ဝင်း၏ ပန်းကမ္ဘာစက္ကူစက်ရုံသို့သွားရောက်ကာ ကုန်ကြမ်းရရှိရေးဆောင်ရွက်နေမှု၊ ပျော့ဖတ်ထုတ်လုပ်နေမှု၊ စက္ကူထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာပြီး နတ်သျှင်နောင်ရပ်ကွက်ရှိ အညာသားလေး မုန့်ဖတ်ခြောက်လုပ်ငန်းသို့သွားရောက်၍ မုန့်ဖတ်ထုတ်လုပ်နိုင်ရေး ဆန်ကြိတ်ခွဲနေမှု၊ အခြောက်ခံမှု၊ အရည်အသွေးစစ်ဆေးမှု၊ ထုပ်ပိုးမှုတို့ကို ကြည့်ရှုကာ ထုတ်လုပ်မှုအဆင့်တိုင်းတွင် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်၍ စျေးကွက်တိုးချဲ့နိုင်ရေး မှာကြားသည်။

ယင်းနောက် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ဦးရဲဝင်း၏ အကောင် ၄၅၀၀၀ ရှိ ဥစားကြက်ခြံနှင့် ခိုင်ရွှေဝါဆီစက်လုပ်ငန်းသို့သွားရောက်၍ ဥစားကြက်မွေးမြူထားရှိမှုနှင့် ဆီထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ အင်ဒိုင်းကျေးရွာရှိ ဦးသန်းထူး၏ ဝါးတူစက်ရုံသို့ သွားရောက်၍ ဝါးတူထုတ်လုပ်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်


အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ ရထားလမ်း၊ တံတားများနှင့်ဘူတာများ၊ ကုန်းတွင်းဆိပ်များ တည်ဆောက်မည့်မြေနေရာကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး





နေပြည်တော် နိုဝင်ဘာ ၆

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး အမြဲတမ်းအတွင်းဝန်နှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၈၃)အဆန့် DEMU ရထားဖြင့် လိုက်ပါစီးနင်းပြီး ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း တစ်လျှောက်ရှိ ရထားလမ်း၊ တံတားများ ကြံ့ခိုင်မှုနှင့် ဘူတာများသန့်ရှင်းသာယာမှု ရှိစေရေးကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ဘူတာသို့ ရောက်ရှိပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကုန်းတွင်းဆိပ်တည်ဆောက်မည့် မြေနေရာနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး RBE ရထားဖြင့် ကုန်းတွင်းဆိပ် တည်ဆောက်မည့် မြေကွက်အမှတ်(၁)နှင့်(၂)သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဖို့မြေပမာဏာ တွက်ချက်ရန်၊ အဝင်ကားလမ်းနှင့် ရထားလမ်းဖောက်လုပ်နိုင်ရေး ပြန်လည်စိစစ် တင်ပြရန်မှာကြားပြီး မော်လမြိုင် စက်ခေါင်းပြင် စက်ရုံအနီးရှိ ဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်တောင်ဘူတာ (မုပွန်မီးရထားဝင်း)သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး စက်ခေါင်းစက်ရုံ အဟောင်းမှ စက်ပစ္စည်းများကို စက်ရုံသစ်သို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ၦင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်ကမ်းနားလမ်းရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးသို့ ရောက်ရှိရာ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ လုပ်ငန်းများရှင်းလင်းတင်ပြမှု အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး နိုင်ငံ့ဝန်ထမ်း ပီသစွာ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်၊ ဌာနရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်း ကောင်းမွန်ရေး အမြဲဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ကမ်းသာ ဘောတံတားမှ Pilot Boat ရေယာဉ်ဖြင့် သံလွင်တံတား(ချောင်းဆုံ)၏ တံတားတိုင်ခြေရေတိုက်စားမှုအခြေအနေ နှင့် ရေလမ်းကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ထို့မှတစ်ဆင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိရာ လေဆိပ်အတွင်း အရေးကြီးပုဂ္ဂိုလ်(VIP) နားနေဆောင်နှင့် ကားရပ်နားနေရာ တည်ဆောက်နေမှု၊ လေဆိပ်အဆောက် အအုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ လေကြောင်းထိန်းမျှော်စင် အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက် နေမှုနှင့် လေဆိပ်မီးသတ် အဆောက်အအုံ မှ လေယာဉ်ပြေးလမ်းသို့ မီးသတ်ကား အဝင် ကွန်ကရစ်လမ်းလုပ်ငန်းဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အသက်မွေးဝမ်းကျောင်းနှင့် လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာသင်တန်း(၂/၂၀၂၆) ဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၆

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟို ကော်မတီ၊ နေပြည်တော်ကောင်စီလူငယ် ရေးရာကော်မတီနှင့် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း(နေပြည်တော်)တို့ ပူးပေါင်း ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်း နှင့် လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာ သင်တန်း(၂/၂၀၂၆) သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း(နေပြည်တော်)၌ ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ် များ၏ ခွန်အား၊ စိတ်အားထက်သန်မှု၊ တီထွင်ဖန်တီးနိုင်သည့် စွမ်းအားနှင့် နည်းပညာကို ကျွမ်းကျင်စွာအသုံးချနိုင်မှု တို့ဖြင့် လူ့အဖွဲ့အစည်းကို မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် အခြေခံအချက်ဖြစ် သည့် ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံး ချနိုင်မှုဖြစ်ကြောင်း၊ ထို့ကြောင့် ယခု သင်တန်းတွင် ကွန်ပျူတာကို စနစ်တကျ အသုံးပြုတတ်စေရန် ကြိုးစားသင်ယူပြီး ကွန်ပျူတာပညာရှင် အဆင့်ရောက်အောင် ကိုယ်ရည်ကိုယ်သွေး တိုးတက်အောင် ဆက်လက်ကြိုးစား တည်ဆောက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ် ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခြေခံ ကွန်ပျူတာသင်တန်းသို့ ကျောင်းနေအရွယ် ကျောင်းပြင်ပရောက် လူငယ်များ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးမြောက်သည့် လူငယ်များ၊ တက္ကသိုလ်ပညာသင်ကြားပြီး၍ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် ကြိုတင်ပြင်ဆင် နေသည့် လူငယ်များအပါအဝင် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၆ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၂၀ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် အိုမန်နိုင်ငံတို့ကြား လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး



နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် အိုမန်စော်ဘွား နိုင်ငံတို့ကြား လေကြောင်းပို့ဆောင်ရေး သဘောတူ စာချုပ် လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၂ ရက်က အိုမန်နိုင်ငံ မတ်စကတ်မြို့ရှိ မြို့ပြလေကြောင်းအာဏာပိုင် အဖွဲ့ရုံးချုပ်၌ ပြုလုပ်ခဲ့ပြီး ယင်းသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီး ဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်နှင့် အိုမန်စော်ဘွားနိုင်ငံဘက်မှ အိုမန်မြို့ပြ လေကြောင်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ နိုင်းဖ်အလီဟာမက်အာ-အာဘရီ တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နှစ်နိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့များ မှ အဆင့်မြင့် အရာရှိကြီးများ၊ လေကြောင်း လိုင်းများနှင့် လေဆိပ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ ကြသည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာ နိုင်ငံနှင့် အိုမန်နိုင်ငံတို့မှ သတ်မှတ်ထား သော လေကြောင်းလိုင်းများသည် လေကြောင်း ဆက်သွယ်ပျံသန်းမှုများ ပြုလုပ်နိုင်မည်ဖြစ်သဖြင့် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့ မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။



နေပြည်တော် နိုဝင်ဘာ ၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဂျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၄ ဒသမ ၈၀ ပေသာကျန်ရှိတော့သဖြင့် ၂၀ ဒသမ ၂၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များကို မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ထီး၊ဗလာစာအုပ်၊စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်သမိုင်းပြတိုက်ကို အခုလိုလေ့လာခွင့်ရတဲ့အတွက် ကျွန်မတို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ လေတပ်ဆိုလေယာဉ်ကြီးတွေကို အပြင်မှာမြင်လိုက်ရတဲ့ အကျိုးကျေးဇူးတွေ၊ ရေတပ်မှာ ဆိုရင်လဲ သင်္ဘောကြီးတွေကို ကလေးတွေ လေ့လာခွင့်ရတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိမယ်လို့ ယုံကြည်မိပါတယ်။ နောက်ပြီး စာတွေ့သင်ကြားရေးကနေ လက်တွေ့သင်ကြားရေးထိ အများကြီးအကျိုးပြုမယ်လို့လဲ ကျွန်မယုံကြည်ပါတယ်။အခုလို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟုပြောသည်။



"စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက်ကြောင့်မို့လို့ သမီးတို့အနေနဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ၊ဘယ်လိုရှိတယ်။ကြည်းတပ်မှာဆိုရင် ဘယ်လိုမျိုး ကာကွယ်ရေးနဲ့ပတ်သက်တာတွေ၊ တိုက်ခိုက်ရေးနဲ့ပတ်သက်တာတွေ ဘယ်လိုမျိုးအသုံးပြုတယ်။ ရေတပ်မှာဆိုလို့ရှိရင် သင်္ဘောတွေ၊ ရေမြို့ပ်ဗုံးတွေ စတဲ့လက်နက်တွေကို ဘယ်လိုအသုံးပြုတယ်။ လေတပ်မှာဆိုရင်လဲ တိုက်ခိုက်ရေးမှာ ဘယ်လိုလေယာဉ်မျိုးအသုံးပြုတယ်၊ သယ်ယူပို့ဆောင်ရေးမှာ ဘယ်လိုလေယာဉ်မျိုးကို အသုံးပြုတယ်ဆိုတာ လက်တွေ့ကိုင်တွယ်ထိတွေ့ပြီးတော့ သိခွင့်ရတဲ့အတွက် သမီးတို့ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အသိပညာအများကြီးရမယ်လို့ထင်မြင်မိပါတယ်။ ဒီလိုမျိုး ဆရာ၊ ဆရာမတွေနဲ့အတူ လာရတဲ့အတွက် သမီးတို့က ငယ်ငယ်ထဲက ဒီလိုသမိုင်းနဲ့ ပတ်သက်တာတွေ လေယာဉ်နဲ့ပတ်သက်တာတွေကို စာတွေ့ပဲ သင်ခဲ့ရတာပေါ့နော်။ အခုလိုမျိုး လက်တွေ့ကြည့်ရတဲ့အတွက် လေယာဉ်က ဘယ်လောက်ကြီးကြောင်း၊ ဒီတိုက်ခိုက်ရေးလေယာဉ်ကို ဘယ်လိုသုံးကြောင်း၊ ဒီသယ်ယူပို့ဆောင်ရေးလေယာဉ်က ဘယ်လောက်ထိပစ္စည်းတွေကို သယ်ယူနိုင်မှာဖြစ်ကြောင်း ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်မှာ အသုံးပြုခဲ့တဲ့ ကိရိယာအများကြီးကို မြင်ရတဲ့အတွက် နောက်ထပ် ကျောင်းသား၊ ကျောင်းသူတွေ၊ သူငယ်ချင်းတွေ လာမယ်ဆိုရင်လဲ သူတို့လဲ သမီးတို့နဲ့ ထပ်တူ အသိပညာတွေရမယ်၊ မသိတာတွေ သိမှာဖြစ်တဲ့အတွက် လာရင်လဲအကျိုး



ရှိမယ် ကိုယ့်အတွက် အကျိုးမယုတ်စေဘူး။ အသိပညာ တိုးပွားစေမှာဖြစ်လို့ လာခဲ့ဖို့ဖိတ်ခေါ်ပါတယ်။ အခုလိုမျိုး စစ်သမိုင်းပြတိုက် လေ့လာရေးခရီးကို လာရောက်ဖို့အတွက် သမီးတို့ကို စီစဉ်ဆောင်ရွက်ပေးပါသော နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အကြီးအကဲ၊ သက်ဆိုင်ရာဆရာ၊ ဆရာမတွေအားလုံး သက်ဆိုင်ရာအကြီးအကဲတွေ အားလုံးကိုလဲ သမီးအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်"ဟုပြောသည်။ **(၅၀၁)**

❍ **ဓာတ်အားပိတ်ဆောင်ရွက်မည်မှ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ရှိ ရုပ်ကွက်နှင့် ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘ ပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာတင်ပို့နိုင်ရန် GACC မှတ်ပုံတင်လက်မှတ်ရရှိရေး သင်တန်းဖွင့်ပွဲ၊ စိုက်ပျိုးရေးနည်းပညာနှင့် ပို့ကုန်အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ





နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့ ပူးပေါင်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များ အဆင်ပြေချောမွေ့စွာတင်ပို့နိုင်ရန် GACC မှတ်ပုံတင်လက်မှတ်ရရှိရေး သင်တန်းဖွင့်ပွဲ၊ စိုက်ပျိုးရေးနည်းပညာနှင့် ပို့ကုန်အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူများနှင့် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းနှင့် ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာတွင် အပင်ပိုးမွှားကင်းရှင်းကြောင်း လျှောက်ထားရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးထွက်ကုန်များဘေးကင်းလုံခြုံ၍ ကုန်သွယ်မှုချောမွေ့စေရေးအတွက် (GAP)ထောက်ခံချက်၏လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ(GACC) လျှောက်ထားနိုင်ရေးသိကောင်းစရာများနှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက သိလိုသည်များကို ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

မြန်မာနိုင်ငံအရိုးရောဂါခွဲစိတ်ကုဆရာဝန်များညီလာခံ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ၌ လက်ချောင်း၊ ခြေချောင်းပြတ်တောက်မှုများကို ပြန်လည်ဆက်ပေးနိုင်သည့် အဆင့်မြင့်အသေးစား သွေးကြောဆက် ခွဲစိတ်မှုများ၊ တင်ပါးဆုံနှင့် ဒူးဆစ်အစားထိုးကုသမှုများ၊ မှန်ပြောင်းအသုံးပြု၍ အဆစ်အတွင်းကုသမှုများနှင့် ကျောရိုးခွဲစိတ်ကုသမှုနယ်ပယ်များတွင် နိုင်ငံတကာ အဆင့်မီ အောင်မြင်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံအရိုးရောဂါခွဲစိတ်ကုညီလာခံ(၂၀၂၆)မှ သိရသည်။

အဆိုပါ ညီလာခံဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၆ ရက်နှင့် နိုဝင်ဘာ ၇ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကာ ညီလာခံဆောင်ပုဒ်မှာ “ပညာရေး၊ ဆန်းသစ်တီထွင်မှုနှင့် မျိုးဆက်သစ် ဆရာဝန်များမှတစ်ဆင့် အနာဂတ် အရိုးခွဲစိတ်ကုသမှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း” ဖြစ်သည်။

ညီလာခံဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ယခုညီလာခံသည် ပညာရပ်ဆိုင်ရာ ဆွေးနွေးဖလှယ်မှုများသာမက မိမိတို့နိုင်ငံ၏ အရိုးရောဂါအထူးကုပညာရပ်ကို ပိုမိုတိုးတက်မြင့်မား လာစေရန်၊ အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်အရိုးရောဂါအထူးကုဆရာဝန်များ ပေါ်ထွန်းလာစေရန် အထောက်အကူပြုမည့် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံ အရိုးရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ဆေးတက္ကသိုလ် (မန္တလေး) အရိုးရောဂါ ပညာဌာနပါမောက္ခဌာနမှူး ဒေါက်တာစည်သူက ညီလာခံအကြိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အရိုးရောဂါပညာအဖွဲ့ဥက္ကဋ္ဌ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများက ညီလာခံကိုဖွင့်လှစ်ပေးကာ ပညာရပ်ဆိုင်ရာပိုစတာပြခန်းနှင့်ဆေးဘက်ဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ညီလာခံတွင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်းနိုင်ငံတို့မှ အရိုးရောဂါခွဲစိတ်ကုပညာရှင် ၁၁ ဦး၊ မြန်မာနိုင်ငံမှ အရိုးရောဂါခွဲစိတ်ကုပညာရှင်များနှင့် မျိုးဆက်သစ် ဆေးပညာရှင်များ တက်ရောက်၍ အရိုးရောဂါကုသမှု ဆေးပညာရပ်နယ်ပယ်၏ တိုးတက်ဖြစ်ထွန်းမှုများ၊ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ကုသရေးကဏ္ဍတို့တွင် စွမ်းဆောင်နိုင်မှုများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ



မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ် အားကစားနည်းစနစ် ဖလှယ်နိုင်ရန်အတွက်ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ရှိ မိတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ နိုဝင်ဘာ ၄ ရက်မှ စတင်ကျင်းပခဲ့သည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်း၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို အလံတော်အဖွဲ့မှ စက်ပစ်ကွင်းအတွင်း သယ်ဆောင်ပြီး နှစ်နိုင်ငံအလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မိတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မိတာ ဗိုလ်လောင်းပစ္စတိုပစ်ပြိုင်ပွဲတို့ကို ပြိုင်ပွဲအမျိုးအစား အလိုက် သုံးရက်ကြာကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိသူများနှင့် အသင်းလိုက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ရုရှားသေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင်နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် ဗထူးစမ်းနှင့် ရပ်စောက် မြို့မဈေးတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

◆ **ဘော်လီဘောပြိုင်ပွဲမှ**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၇ ရက်**(ယနေ့)**တွင် အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် ဧရာကျေးရွာအနီး တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများတင်ဆောင်လာသည့် စက်လှေတစ်စီး ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းမရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကြောင့် အကောက်ခွန်မဲ့ပစ္စည်းများမှ နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် ထိခိုက်နစ်နာမှုများ မရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှု တားဆီးကာကွယ်နှိမ်နင်းမှုများကို ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးကာကွယ်နှိမ်နင်းခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဧရာကျေးရွာအနီး တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် စက်လှေတစ်စီး ရောက်ရှိသောတင်နေကြောင်း နိုဝင်ဘာ ၁ ရက်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာ၏ အနောက်တောင်ဘက် မိတာ ၂၀၀၀ ခန့်အကွာ ပင်လယ်ပြင်၌ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ခိုင်ခိုင်မိုး-၉ အမည်ရှိ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ ရေရှူး ၁၅ ပေခန့်ရှိ စက်လှေတစ်စီးကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။



တရားခံ ဝေမျိုးဟန်နှင့် လှေလုပ်သားများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ခိုင်ခိုင်မိုး-၉ စက်လှေပေါ်မှ အကောက်ခွန်မဲ့ကုန်ပစ္စည်းများအား ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ခိုင်ခိုင်မိုး-၉ စက်လှေ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို တွေ့ရစဉ်။

ဖမ်းဆီးရမိစက်လှေတွင် စက်လှေပိုင်ရှင်ဖြစ်သူ ဦးဝေမျိုးဟန် ၅၁ နှစ် (ဘ) ဦးကျော်နိုင်စိုး အပါအဝင် လှေလုပ်သား ၁၁ ဦးနှင့် စုစုပေါင်း ၁၂ ဦးတို့ကို အကောက်ခွန်မဲ့ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများအပါအဝင် ပစ္စည်းမျိုးစုံ ၂၀ (တန် ၁၅၀ ခန့်)ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ဖမ်းဆီးရမိတရားခံများနှင့် တရားမဝင်ကုန်ပစ္စည်းများကို လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ ပို့ကုန်သွင်းကုန်ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များနှင့် ကမ်းလွှန်ပင်လယ်ပြင်များထိ အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးခြင်း၊ ရုတ်တရက် ဝင်ရောက်ရှာဖွေခြင်းနှင့် သတင်းပေး တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေး၍ သွားရောက်စစ်ဆေး ဖမ်းဆီးခြင်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိတရားခံများနှင့် တရားမဝင် တင်သွင်း၊တင်ပို့သည့် ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များနှင့် ဆက်စပ်တရားခံများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ အစဉ်တစိုက် ပြုလုပ်လျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက နီးစပ်ရာတာဝန်ရှိသူများထံသို့ သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ အမျိုးသားတစ်ဦးကို သတ်ဖြတ်၍ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ အမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ အမျိုးသားတစ်ဦးကို သတ်ဖြတ်၍ လုယက်မှုကျူးလွန်ခဲ့သည့်တရားခံအမျိုးသားသုံးဦးကိုသက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ဦးထွန်းထွန်းရီ ၆၃ နှစ်သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တစ်ရပ်ကွက်တည်းနေ အစ်မဖြစ်သူ ဒေါ်လှရီ၏ နေအိမ်သို့ လက်ဖက်ရည် သွားရောက်ပို့ဆောင်စဉ် ၎င်း၏နောက်မှ အမျိုးသားတစ်ဦးလိုက်ပါလာပြီး ဒေါ်လှရီ၏ နေအိမ်တိုက်ခန်းသို့ အရောက်၌ အဆိုပါအမျိုးသားက ဦးထွန်းထွန်းရီအား အသင့်ပါလာသော ဓားဖြင့် ထိုး၍ ထွက်ပြေးသွားခဲ့သဖြင့် ဦးထွန်းထွန်းရီတွင် ဓားဖြင့်ထိုးသွင်းလျက်ဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့သောကြောင့် အစ်ကိုဖြစ်သူ ဦးချစ်ကိုကိုက ပြစ်မှုကျူးလွန်သူတရားခံကို ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ လမ်းမတော်မြို့မရဲစခန်းက (ပ)၁၀၂/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့်ဆောင်ရွက် ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ တရားခံ ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် လမ်းမတော်မြို့နယ် (၃)ရပ်ကွက်နေ တရားခံ ဆန်းလင်းအောင် ခေါ် ဒိုလေး ၃၉ နှစ်ကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ၎င်း၏နေအိမ်၌ ပြစ်မှုကျူးလွန်ရာမှရရှိခဲ့သည့် သက်သေခံ ဘဏ်စာအုပ် တစ်အုပ်နှင့်လည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် လသာမြို့နယ် (၆)ရပ်ကွက်နေ တရားခံ ဝေဖြိုးအောင် ခေါ် ကိုဖြိုး ၄၄ နှစ်ကို ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာလေ့ဆိပ်အနီး၌ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရုံးကွက်နေ တရားခံ ဇော်ကြီး ခေါ် ဇော်မင်းဦး ၄၂ နှစ်ကို လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းရှိ “လှိုင်ထိပ်တင်” လက်ဖက်ရည်ဆိုင်အနီး၌ ပြစ်မှုကျူးလွန်စဉ်ရရှိခဲ့သည့် Redmi 9T အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးဖြင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ ဆန်းလင်းအောင် ခေါ် ဒိုလေးမှာ အွန်လိုင်းလောင်းကစားခြင်းများပြုလုပ်ရာမှ ငွေကြေးလိုအပ်ချက်အရ ၎င်း၏မွေးစားဖခင် ဦးချစ်ကိုကို၏ ညီဖြစ်သူ ဦးထွန်းထွန်းရီကို လုပ်ကြံသတ်ဖြတ်၍ ၎င်းထံမှဘဏ်စာအုပ်ကို ယူဆောင်ပေးရန် တရားခံ ဝေဖြိုးအောင် ခေါ် ကိုဖြိုးနှင့် ဇော်ကြီး ခေါ် ဇော်မင်းဦးတို့ကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ စီပေး၍ စေခိုင်းခဲ့ကြောင်း၊ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တရားခံ ဇော်ကြီး ခေါ် ဇော်မင်းဦးသည် ဝေဖြိုးအောင် ခေါ် ကိုဖြိုးထံမှ အရိုး၊ အသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်ဓားမြှောင်ကို ယူဆောင်ကာ ဦးထွန်းထွန်းရီကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဦးထွန်းထွန်းရီထံမှ ဘဏ်စာအုပ်တစ်အုပ်၊ Redmi 9T အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်ခဲ့ပြီးနောက် ဘဏ်စာအုပ်ကို ဆန်းလင်းအောင် ခေါ် ဒိုလေးထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံ ဆန်းလင်းအောင် ခေါ် ဒိုလေး၊ ဝေဖြိုးအောင် ခေါ် ကိုဖြိုးနှင့် ဇော်ကြီး ခေါ် ဇော်မင်းဦးတို့သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ငါးလုံး၊ စုစုပေါင်း အဆောက်အအုံ ကိုးလုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီးကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျ ဆက်လက် ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့်စနစ်တကျဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ဝမ်လီကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၇ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။

● မိုင်းနောင်မြို့နယ်မှ

အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် မိုင်းနောင်မြို့နယ် ဝမ်လီကျေးရွာ၏ အရှေ့တောင်ဘက်မိတာ ၁၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၇ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၁၅ ပေ၊ အနံ ပေ ၅၀ ယာယီလူနေတဲ့ တစ်လုံး၊ အလျား ၁၅ ပေ အနံ ပေ ၂၀ ယာယီလူနေတဲ့ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ပေ ၃၀ ယာယီတဲသုံးလုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၃၀ ယာယီစားချက်ဆောင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ပေ ၂၀ ယာယီပစ္စည်းစတိုခန်း တစ်လုံး၊ Star Link ငါးလုံး၊ ALL In One Computer အလုံး ၂၀၊ ဖုန်းမျိုးစုံ အလုံး ၅၀၊ မီးစက်အကြီး တစ်လုံး၊ Freezer တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ဝမ်လီကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် မီးစက်အကြီး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

သံအမတ်ကြီး ဦးအေးမင်းထွေး အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၆

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် အာသောက ခန်းမ၌ကျင်းပပြီး အခမ်းအနား၌ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးနှင့်အတူ မာလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Fatoma Thera၊ မာဒါဂက်စကာသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Georget Mandehatsara၊ အီကွေတိုရီရယ်ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Miguel Edjang Angue တို့ကလည်း အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီမတီ ဒရောပါဒီ မာမူထံသို့ ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သံအမတ် ခန့်အပ်လွှာပေးအပ်ပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူနှင့် မြန်မာသံအမတ်ကြီး ဦးအေးမင်းထွေးတို့တွေ့ဆုံစဉ် သံအမတ်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဖေရန် အထူးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့်ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးနေမှုများအတွက် မြန်မာနိုင်ငံအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ အစိုးရကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ စိတ်ကြွဆေးပြားဖမ်းဆီးရမိမှု



ရဲကိုကိုဝင်းကို စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုသည့် AD VAN မော်တော်ယာဉ်နှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့တွင် စိတ်ကြွဆေးပြားများ ပို့ဆောင်ပေးသူများဖြစ်သည့် စိုင်းမျိုးနိုင် ခေါ်ကိုမိုးကို ကျောက်မဲမြို့ ရပ်ကွက်(၉)ရှိ နေအိမ်၌လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ကော့ကရိတ်မြို့ တံတားကျိုးကျေးရွာအနီး၌ ရဲကိုကိုဝင်းကို စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင် အသုံးပြုသည့် AD VAN မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူမှာ ဝမ်းဟိုင်းရွာနေ ကိုလတ် ခေါ် အားတီ(ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ကျေးသီးမြို့နယ် ဝမ်ဟိုင်းမှ မန္တလေးသို့ စိုင်းမျိုးနိုင် ခေါ်ကိုမိုးနှင့် ရဲကိုကိုဝင်းတို့ကသယ်ဆောင်ပြီး မန္တလေးမှ ကလေးသို့ မျိုးနိုင်ဝင်း ခေါ်ကိုမျိုးတို့က ဆက်လက်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

ထူးခြားသည့် နေ့အပူချိန်များ (၆-၁၁-၂၀၂၆)

ချောက်	၃၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	မြင်းခြံ	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မြဝတီ	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	မကွေး	၃၆	ဒသမ	၁	ဒီဂရီဆဲလ်စီးယပ်
မင်းဘူး	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ညောင်ဦး	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ကျောက်ဆည်	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
အောင်လံ	၃၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ငါးသိုင်းချောင်း	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင် အမှတ် (၂၇) (၆)မိုင်ခွ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါ အချက်များ(အားလုံး) ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။







စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ
ခွဲစိတ်ကုသရေးအထူးအစီအစဉ်(၁/၂၀၂၆)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့မှ (၅)ရက်နေ့အထိ အောက်ဖော်ပြပါရောဂါများကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ် ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ(Gall Stone)
(ဝမ်းဗိုက်တွင်းခွဲစိတ်မှန်ပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ(Hernia)
၃။ လည်ပင်ကြီးရောဂါ(Goitre)
၄။ မုတ္တရောဂါ(Hydrocele)
၅။ ဂရင်ဂျီနာ(F.I.A)
၆။ လိပ်ခေါင်းရောဂါ(Piles)

ကုသမှုခံယူလိုသော လူနာများသည် ကြိုတင် စမ်းသပ်/စစ်ဆေးရန် လိုအပ်ပါသောကြောင့် ဆေးရုံဝန်ထမ်းများမှ ကြိုတင်စမ်းသပ်/စစ်ဆေးပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

ကြိုတင် စမ်းသပ်/စစ်ဆေးပေးမည် အစီအစဉ်

နေ့ရက် - (၁၅-၁၀-၂၀၂၆) မှ (၁-၁၂-၂၀၂၆)ရက်နေ့အထိ
အချိန် - နံနက် (၈)နာရီမှ (၁၂)နာရီ၊ နေ့လယ် (၂)နာရီမှ ညနေ (၄)နာရီအထိ

မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသောဆေးများရှိပါက ယူဆောင်လာခဲ့ပါ။

သွေးကျဲဆေးသောက်နေသော လူနာများကို (၁၈-၁၁-၂၀၂၆)ရက်နေ့အထိသာ ကြိုတင် စမ်းသပ်/စစ်ဆေးပေးပါမည်။

ကုသမှုအစီအစဉ်ကို သိရှိလိုပါက ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၇၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Professor ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းမြေ့ကို၏ သား မောင်ဘုန်းမြတ်ဟိန်းအား **မောင်ဘုန်းမြတ်မင်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမြတ်မင်း**

အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ TEL ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ကျော်ဦး၏ သား မောင်လင်းသုတအား **မောင်သုတလင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သုတလင်း**

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မနန်းထိုက်ရွှေမုံ၏ ဖခင်အမည်မှန်မှာ **ဦးသိန်းဟန်** ဖြစ်ပါကြောင်း။

ဦးသိန်းဟန်(၅/ဟမလ(နိုင်)၀၉၀၀၂၆)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)







❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၆ အနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၊ ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသည်။

ယနေ့တွင် အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၂၇ ကော်လံ ၁ ◆





ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ဝမ်လီကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့်လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

မိုင်းနောင်မြို့နယ် ဝမ်လီကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၁၇ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင်

စာမျက်နှာ ၂၉ ကော်လံ ၁ ●

စစ်ကိုင်းမြို့တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်အနီးတွင် မျိုးနိုင်ဝင်း ခေါ် ကိုမျိုး မောင်းနှင်ပြီး မခင်မိမိစိုးနှင့် မထက်ထက်တို့ နှစ်ဦး လိုက်ပါလာသော PAJERO အမျိုးအစား မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၁ ဒသမ ၃ သိန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ)ကို

စာမျက်နှာ ၃၀ ကော်လံ ၁ ■



စိုင်းမျိုးနိုင် ခေါ် ကိုမိုး၊ မထက်ထက်၊ မခင်မိမိစိုး၊ မျိုးနိုင်ဝင်း ခေါ် ကိုမျိုးတို့ကို သိမ်းဆည်း ရမိသည့် မော်တော်ယာဉ်၊ စိတ်ကြွ ဆေးပြားများနှင့် အတူ တွေ့ရစဉ်။